# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၉ ရက်၊ အင်္ဂါနေ့။ Tuesday, 7 June 2022 ၁၀၇၅၉


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိ(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၆**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ နှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား) ဒုတိယဥက္ကဋ္ဌဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီး ဌာန(၁) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်း ရေးကော်မတီဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် အမျိုးသား ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA(မိုင်းလား) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့၊ အထွေထွေအတွင်းရေးမှူး ဦးကြည်မြင့်၊ အတွင်းရေးမှူး(၂) ဦးအားလူ၊ အတွင်း ရေးမှူးအဖွဲ့ဝင်နှင့် ဆက်ဆံရေးနှင့်ဆက်သွယ်ရေး ဌာနကြီးမှူး ဦးစိုင်းမောက်တို့ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် အမျိုးသား ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့တို့ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးလဲလှယ်ကြစဉ်။

**သတင်းထုတ်ပြန်ချက်**

# နိုင်ငံခြားရေးဝန်ကြီးဌာနသည် ပြင်သစ် ဥရောပနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့ ပြင်သစ်သံရုံး၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူတို့၏ တာဝန်မဲ့ပြောဆိုချက်၊ ထုတ်ပြန်ချက်များအပေါ် ပြင်းထန်စွာကန့်ကွက်

နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဖြိုးဇေယျာသော်နှင့် ကျော်မင်းယုတို့အပါအဝင် အကြမ်းဖက်သမားလေးဦးအား ပြစ်ဒဏ်ချမှတ်ခဲ့မှုနှင့်ပတ်သက်၍ ပြင်သစ် ဥရောပနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့၊ ပြင်သစ်သံရုံးတို့၏ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၄ ရက်က ထုတ်ပြန်ချက်၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ပြောရေးဆိုခွင့်ရှိသူ၏ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၃ ရက်က ထုတ်ပြန်ချက်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ၏ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၆ ရက်က ထုတ်ပြန်ချက်များကို ရည်ညွှန်းဖော်ပြအပ်သည်။

မြန်မာနိုင်ငံသည် လွတ်လပ်၍ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ လက်ရှိအစိုးရအနေဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှ အပ်နှင်းထားသည့် အခွင့်အာဏာများကို အပြည့်အဝ ကျင့်သုံးပိုင်ခွင့်ရှိသည်။ နိုင်ငံသားတိုင်းသည် တရားဥပဒေနှင့်အညီ တန်းတူအခွင့်အရေးနှင့် အခြေခံလူ့အခွင့်အရေးဆိုင်ရာ အကာအကွယ်ပေးမှုများရရှိနိုင်မည်ဖြစ်သကဲ့သို့ တရားဥပဒေအရ စီရင်ဆုံးဖြတ်မှုကိုလည်း လက်ခံကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ တရားစီရင်ရေးစနစ်သည် လွတ်လပ်မှုရှိသကဲ့သို့ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်သူအားလုံးအပေါ် သာတူညီမျှရှိသည့် ဥပဒေများကို

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❋

**ယနေ့ ဖတ်စရာ**

**အစဉ်ရှေးရှု ယဉ်ကျေးမှု ဂုဏ်ပြုညွှန်းဆို အနုပညာတက္ကသိုလ်**

ဆောင်းပါး စာမျက်နှာ » ၆




**သိပ္ပံနှင့် နည်းပညာ နယ်ပယ်၌ တရုတ်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှုမြင့်တက်လာ**

စာမျက်နှာ » ၁၃

**လူငယ်နှင့် ဘဝအောင်မြင်ရေး**

စာမျက်နှာ ၁၈၊ ၁၉

ကြေးမုံ

# ကမ္ဘာမြေရေရှည်ရှင်သန်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်း

လူသားများအနေဖြင့် ပိုမိုရေရှည်တည်တံ့ပြီး ပိုမိုစိမ်းလန်းစေမည့် ပတ်ဝန်းကျင်နှင့်ညီညွတ်သည့် လူနေမှုဘဝများကို ဖြစ်နိုင်သမျှ ပြောင်းလဲဖော်ဆောင်ကြရန်၊ တစ်နည်းအားဖြင့် လူသားများ ရေရှည်ရှင်သန်နိုင်ရန်အတွက် သဘာဝနှင့်ညီညွတ်မျှတစွာ နေထိုင်နိုင်ကြစေရန်၊ ပြောင်းလဲဖြစ်ပေါ်နေသည့် ကမ္ဘာ့ပတ်ဝန်းကျင်အခြေအနေများကို အားလုံးသိရှိကြပြီး လိုအပ်သည့် တုံ့ပြန်မှုများကို အချိန်မီဆောင်ရွက်နိုင်ကြစေရန်နှင့် တစ်ခုတည်းသော ကမ္ဘာမြေကို မိမိတို့အားလုံး ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းကာကွယ်ကြရန် ၂၀၂၂ ခုနှစ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့တွင် တိုက်တွန်းနှိုးဆော်ထားသည်။

ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) က ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ဆဋ္ဌမအကြိမ် ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေ ဆန်းစစ်ခြင်း အစီရင်ခံစာတွင် လာမည့် ၂၀၅၀ ပြည့်နှစ်အထိကာလအတွင်း ကမ္ဘာ့မြို့ပြလူဦးရေသည် ဆက်လက်တိုးပွားနေပြီး မြို့ပြဖြစ်ထွန်းလာမှုကို စနစ်တကျစီမံခန့်ခွဲနိုင်ခြင်း မရှိခဲ့ပါက လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ လူဦးရေကြီးထွားလာမှုကြောင့် တစ်ဦးချင်းစီရရှိနိုင်မည့် ဂေဟစနစ်ဝန်ဆောင်မှုများ လျော့နည်းလာမည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပတ်ဝန်းကျင်အစီအမံများကို ဂရုမပြုခဲ့ပါက သယံဇာတအရင်းအမြစ်များ လျော့နည်းပြုန်းတီး၊ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးခြင်းများနှင့် ပိုမိုကြုံတွေ့နိုင်ကြောင်း အသိပေးထားသည်။

ကမ္ဘာမြေနှင့် သဘာဝပတ်ဝန်းကျင်ကို လူတို့ရလိုမှုတစ်ခုတည်းဖြင့် ဆောင်ရွက်နေမှု၊ မဆင်မခြင် အသုံးချမှုများကြောင့် ကမ္ဘာမြေနှင့် သဘာဝပတ်ဝန်းကျင်တစ်ခုလုံး တစ်စတစ်စ ယိုယွင်းပျက်စီးနေသည်ကို တွေ့ရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့် ရာသီဥတုပြောင်းလဲလာပြီး ဥတုရာသီမမျှတခြင်းနှင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့အား နိုင်ငံအများ ကြုံတွေ့နေကြရာ မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုသည် အနာဂတ်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအဟန့်အတား စိန်ခေါ်မှုဖြစ်လာသည်။ အမျိုးမျိုးကြုံတွေ့လာရမည့် သဘာဝဘေးအန္တရာယ်များကို အရေးတကြီးဖြေရှင်းရန် လိုအပ်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့နိုင်ငံများနှင့်အတူ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု၊ ရာသီဥတုပြောင်းလဲခြင်း၏ ဆိုးကျိုးသက်ရောက်မှုများကို တားဆီးလျှော့ချနိုင်ရန် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (MSDP) မူဘောင်အတွင်းမှ နိုင်ငံတော် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ယင်းကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသူများ အားလုံး၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာပျော်ရွှင်ရေးအတွက် သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရန် ချမှတ်ထားသည့် အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒရည်မှန်းချက်နှင့် အခြေခံမူများကို ထိရောက်အောင်မြင်အောင် ဖော်ဆောင်နိုင်ရန်အတွက် ကဏ္ဍအသီးသီးတွင် ရေတို/ရေရှည် စီမံချက်များဖြင့် ပေါင်းစပ်အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များကို ထည့်သွင်းပေါင်းစပ်ခြင်းဖြင့် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်မှု ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေးမူကို ရရှိစေရေး၊ စီးပွားရေးဖွံ့ဖြိုးရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ ကာဗွန်ထုတ်လုပ်မှု လျော့နည်းသည့် အစိမ်းရောင်စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများကို အားပေးမြှင့်တင်ရေး၊ ရာသီဥတုပြန်လည်မျှတလာစေရေးနှင့် ဂေဟစနစ်များ ထိန်းသိမ်းရေး၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအပါအဝင် ညစ်ညမ်းမှု ထိန်းသိမ်းကာကွယ်ရေးတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။

ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုသည် ပတ်ဝန်းကျင်ကို အလေးမထားဘဲ စီးပွားရေးကိုသာ ဦးစားပေးလုပ်ကိုင်ကြရာ နောက်ဆက်တွဲအကျိုးရလဒ်များ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ထို့ကြောင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသည့် ကာဗွန်ထုတ်လုပ်မှုလျော့နည်းသော အစိမ်းရောင်စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများကိုသာ ဦးစားပေးလုပ်ကိုင်ပြီး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အစိမ်းရောင်စီးပွားရေးဆိုသည်မှာ နေရောင်ခြည်စွမ်းအင်သုံးစွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ကာဗွန်မထွက်သည့် လျှပ်စစ်မော်တော်ယာဉ်စက်ပစ္စည်းများနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းများစသည့် ဆက်စပ်ပတ်သက်သည့် လုပ်ငန်းများဖြစ်သည်။

သို့ဖြစ်ရာ အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် မိဘပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ကြပြီး ကျွန်ုပ်တို့၏ တစ်ခုတည်းသော ဤကမ္ဘာမြေ ရေရှည်တည်တံ့ရှင်သန်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းပါဝင်လက်တွဲ၍ ထိန်းသိမ်းကာကွယ်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## တရားမအထူးအယူခံမှုသုံးမှု စီရင်ချက်ချမှတ်၊ ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှုလေးမှုတို့ကို ရုံးထိုင်ကြားနာ

နေပြည်တော် ဇွန် ၆

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသော ဦးမျိုးတင့်၊ ဦးတင်ဟုန်၊ ဦးသောင်းနိုင်၊ ဦးသိန်းကိုကို တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၃၂/၂၀၂၁ (မန္တလေး) ကို ကြားဖြတ်အမိန့်ချမှတ်ပြီး တရားမအထူးအယူခံမှုအမှတ် ၁၇/၂၀၂၀ (ရန်ကုန်)၊ ၁၈/၂၀၂၀(ရန်ကုန်)နှင့် ၇/၂၀၂၂ (မကွေး) စုစုပေါင်း တရားမအထူးအယူခံမှုသုံးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၀/၂၀၂၁ (ရန်ကုန်) နှင့် တရားမအထူးအယူခံမှုအမှတ် ၂၅ / ၂၀၂၁ (တနင်္သာရီ)၊ ၂၆ / ၂၀၂၁ (တနင်္သာရီ)၊ ၃၁/၂၀၂၁ (မန္တလေး) နှင့် ၈/၂၀၂၂ (ရန်ကုန်) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှုလေးမှုတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဓနုဖြူမြို့နယ်၌ မိုးစပါးမြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် (ပိုက်ဆံလျှော်) မြေခံထည့်သွင်းပွဲအခမ်းအနား ကျင်းပ



ဓနုဖြူ ဇွန် ၆

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် နန်းတော်ကုန်းကျေးရွာအုပ်စု ဧက ၁၀၀၊ တင်း ၁၀၀ စံပြကွက်၌ ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မိုးစပါးမြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် (ပိုက်ဆံလျှော်) မြေခံထည့်သွင်းပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ဓနုဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းနိုင်က သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းခြင်းဖြင့် ရရှိသည့် အကျိုးကျေးဇူးများနှင့် မြေဆီလွှာ၏ ဂုဏ်သတ္တိများ ပြောင်းလဲလာပြီး ဓာတ်မြေဩဇာ လျှော့ချသုံးစွဲနိုင်ကာ အထွက်နှုန်းတိုးတက်စေကြောင်း ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးအောင်ချိုဦး၊ အဖွဲ့ဝင်(၂) ဦးစိန်မောင်ဝင်းနှင့် မြို့နယ်စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ နန်းတော်ကုန်းကျေးရွာအုပ်စုမှ တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၆ - ၆ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၆၀၀ | ၇,၆၀၀ | ၁၃ | ၉၈,၈၀၀ |
| MTSH | ၂,၇၀၀ | ၂,၇၀၀ | ၁,၁၃၂ | ၃,၀၀၆,၄၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၉၀၄ | ၁၅,၈၂၀,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| EFR | ၂,၅၅၀ | ၂,၅၅၀ | ၈ | ၂၀,၄၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၆

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၈၈.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၈.၄၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၈၈၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၁.၅၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၈၂၃ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၃၇.၆ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၄၇.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၁၄.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၈.၀၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ နိုင်ငံတော်၏ငြိမ်းချမ်းရေးမှ

ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများကို နှစ်ဖက်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၁/၂/၃)ပါ သဘောတူညီချက်များနှင့်ပတ်သက်၍လည်းကောင်း၊ အစိတ်အပိုင်း(၃)မှ ဆက်လက်ဆွေးနွေးရန်ကျန်ရှိသည့် ဇယား-၂ ပါ ဆွေးနွေးရန်အချက်များနှင့်ပတ်သက်၍လည်းကောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီမှ လေ့လာဆန်းစစ်ဖော်ထုတ်စိစစ်ရေးအဖွဲ့၏ တွေ့ရှိချက်များကိုလည်းကောင်း ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်က ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် သုံးရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

**လက်ဆောင်ပစ္စည်းများ ပေးအပ်**

ယင်းနောက် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့နှင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် (၇၅)နှစ်မြောက်စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားစာအုပ်၊ မှတ်တမ်းစာအုပ်များ၊ ခေတ်နှင့်အညီ ပြန်လည်ပြုစုထားသည့် မြန်မာ့စွယ်စုံကျမ်း(အတွဲ-၁)တို့နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးစဉ်။

✽ **ရှေ့ဖုံးမှ**

ကျင့်သုံးဆောင်ရွက်လျက်ရှိသည်ကိုလည်း ထပ်လောင်းအတည်ပြုသည်။ ဖြိုးဇေယျာသော်နှင့် ကျော်မင်းယုတို့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၉ (က)၊ ၅၀ (ဈ)နှင့် ၅၀(ည)တို့အရ ပြစ်မှုထင်ရှားကြောင်းတွေ့ရှိရသဖြင့် သေဒဏ်အမိန့်ချမှတ်ခံရခြင်းဖြစ်သည်။ ၎င်းတို့သည် အပြစ်မဲ့ပြည်သူများအား အကြောက်တရားကြီးစိုးစေရန်နှင့် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေသည့် အကြမ်းဖက်မှုများ ကျူးလွန်ရာတွင် အဓိကကြိုးကိုင်စီစဉ်သူများအဖြစ် ပြစ်မှုထင်ရှားသဖြင့် အမိန့်ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ပြင်သစ် ဥရောပနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့၊ ပြင်သစ်သံရုံး၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ပြောရေးဆိုခွင့်ရှိသူရုံးနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနတို့၏ တာဝန်မဲ့ထုတ်ပြန်ပြောကြားချက်များသည် အကြမ်းဖက်မှုများကို အားပေးအားမြှောက်ပြုရာရောက်ပြီး အပြစ်မဲ့ပြည်သူအများအပြားသေကျေဒဏ်ရာရစေပြီး အစိုးရနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦနှင့်ပစ္စည်းများကို ပျက်စီးစေသည့် မတရားအသင်းနှင့် အကြမ်းဖက်အဖွဲ့များဖြစ်သော အမျိုးသားညီညွတ်ရေးအစိုးရ(NUG)၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့(PDF)တို့၏ ဆက်လက်ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်တိုက်ခိုက်မှုများကို လျစ်လျူရှုခြင်းဖြစ်သည်။

ထို့ပြင် ပြင်သစ် ဥရောပနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြင်သစ်သံရုံးတို့၏ ထုတ်ပြန်ချက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား မြန်မာအစိုးရအနေဖြင့် လက်ခံနိုင်ခြင်းမရှိသည့် အသုံးအနှုန်းဖြစ်သည့် “တရားမဝင်စစ်အစိုးရ” ဟု သုံးနှုန်းရေးသားထားမှုအပေါ် ပြင်းထန်စွာကန့်ကွက်သည်။ သံတမန်ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် ဗီယင်နာကွန်ဗင်းရှင်း အပိုဒ် ၃ အရ သံတမန်များသည် စေလွှတ်သည့်နိုင်ငံနှင့် လက်ခံသည့်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးတိုးမြှင့်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပြီး၊ ယင်းကွန်ဗင်းရှင်း၏ အပိုဒ် ၄၁ တွင် သံတမန်များသည် လက်ခံသည့်နိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေများကို လေးစားရန်နှင့် လက်ခံသည့်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် ဖော်ပြထားသည်။

ပြင်သစ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်လေးစားမှုကို တိုးမြှင့်ရမည့်အစား လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကိုအကြောင်းပြ၍ အထက်ဖော်ပြပါ လက်ခံနိုင်ခြင်းမရှိသည့် အသုံးအနှုန်းမျိုးပါဝင်ပြီး မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်၍ သံတမန်ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် ဗီယင်နာကွန်ဗင်းရှင်းကို ပြောင်တင်းစွာချိုးဖောက်သည့် ပြင်းထန်သောထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါထုတ်ပြန်ချက်သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုအပေါ် မကောင်းသည့် အကျိုးဆက်များကိုသာ သက်ရောက်စေလိမ့်မည်ဖြစ်သည်။ နိုင်ငံအချို့သည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း အပိုဒ် ၂ တွင် ရှင်းလင်းစွာ ဖော်ပြထားသည့် နိုင်ငံများ၏ အချုပ်အခြာအာဏာတန်းတူညီမျှမှုစည်းမျဉ်းကို လိုက်နာရန် ပျက်ကွက်လျက်ရှိသည်ကို စိတ်မကောင်းဖွယ်မြင်တွေ့ရသည်။

ဗဟိုအဆင့်မှ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အထိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များသည် တိုင်းရင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များနှင့် တပ်မတော်မှတာဝန်ရှိသူများဖြင့် ပါဝင်ဖွဲ့စည်းသည်ကို ကြည့်ခြင်းအားဖြင့် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဖွဲ့စည်းထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ တရားဝင်ဖြစ်မှုမှာ မေးခွန်းထုတ်ဖွယ်ရာမရှိသည်ကို ဖော်ပြအပ်သည်။ အဆိုပါအချက်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စစ်အစိုးရမဟုတ်သည်ကို ရှင်းလင်းစွာပြသလျက်ရှိသည်။ ပူးပေါင်းဆောင်ရွက်မှုနှင့် အပြုသဘောဆောင်သည့် ထိတွေ့ဆက်ဆံမှုများ တိုးတက်လာစေရေးအတွက် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များ၊ နိုင်ငံတကာအသိအမှတ်ပြုသံတမန်ဆက်ဆံရေးနှင့် စပ်လျဉ်းသည့် ကွန်ဗင်းရှင်းများကို လေးစားလိုက်နာရန်နှင့် မြန်မာနိုင်ငံအား အချုပ်အခြာအာဏာပိုင်အစိုးရတိုင်းအပေါ် ကျင့်သုံးသည့်ဓလေ့နှင့်အညီ ဆက်ဆံရန် နိုင်ငံတကာအသိုင်းအဝိုင်းအား တောင်းဆိုသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနသည် ပြင်သစ် ဥရောပနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့၊ ပြင်သစ်သံရုံး၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူတို့၏ တာဝန်မဲ့ပြောဆိုချက်၊ ထုတ်ပြန်ချက်များအပေါ် ပြင်းထန်စွာကန့်ကွက်ပယ်ချပြီး ကန့်ကွက်စာများကို သံတမန်လမ်းကြောင်းမှတစ်ဆင့် ပေးပို့ခဲ့ပြီးဖြစ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၂ ခုနှစ်၊ ဇွန်လ ၆ ရက်**

# လက်ထောက်စာရင်းစစ်မှူးများ လုပ်ငန်းခွင်ဝင်ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၂/ ၂၀၂၂) ဖွင့်လှစ်

**နေပြည်တော် ဇွန် ၆**

လက်ထောက်စာရင်းစစ်မှူးများ လုပ်ငန်းခွင်ဝင်ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၂/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က ယခုသင်တန်းကို ဝန်ထမ်း၏ ရပိုင်ခွင့်များ၊ လိုက်နာရမည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ စာရင်းစစ်ကျင့်ဝတ်များနှင့် နည်းပညာဆိုင်ရာ ဗဟုသုတများကို အခြေခံမှစ၍ သိရှိနားလည်ပြီး စစ်ဆေးရေးလုပ်ငန်းတာဝန်များကို ယုံကြည်မှုရှိစွာနှင့် ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် ပြည်သူ့ဘဏ္ဍာ ရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်း၊ စီမံကိန်းများသည် မူလရည်ရွယ်ချက်အတိုင်း ပြည့်မြောက်မှု ရှိ မရှိ၊ အချိန်နှင့်တစ်ပြေးညီပြီးစီးမှု ရှိ မရှိ၊ ပြည်သူများအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမှု ရှိ မရှိနှင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်မှု ရှိ မရှိတို့ကို စစ်ဆေးခြင်းဖြင့် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု ပိုမိုအားကောင်းခိုင်မာစေရန် ကြီးကြပ်ထိန်းကျောင်းပေးနိုင်ရန်အတွက် မိမိတို့ရုံး၏ လုပ်ငန်းသဘော သဘာဝကို သိရှိနားလည်ထားရန် လိုအပ်ကြောင်း မှာကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နေပြည်တော်သင်တန်းကျောင်း ကျောင်းအုပ်က သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။



သင်တန်းဖွင့်ပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၄၀ တက်ရောက်လျက်ရှိပြီး ဘာသာရပ် ၁၀ ခုကို တစ်လကြာ ဖွင့်လှစ်သင်ကြား ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ (၄၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားသို့တက်ရောက်





**နေပြည်တော် ဇွန် ၆**

၂၀၂၂ ခုနှစ် (၄၈) ကြိမ်မြောက် ပြည်နယ်နှင့် တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လက်ဝှေ့လေ့ကျင့်ရေးရုံ၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသော ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုးနှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးချစ်နိုင်၊ ဦးကိုကို၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဦးမင်းသိန်းဇံ၊ ဒေါက်တာ သက်သက်ခိုင်နှင့် ဒေါက်တာ ငွေးအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါ်သန်းသန်းလင်း၊ ဦးသန်းအောင်ကျော်၊ ဦးစန်းလွင်၊ ဦးအေးထွန်း၊ ဒေါက်တာဇော်မြင့်၊ ဦးမျိုးလှိုင်၊ ဦးဇော်အေးမောင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ လက်ဝှေ့ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ယနေ့ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် **အမျိုးသား (၅၂) ကီလိုတန်းပြိုင်ပွဲတွင်** လမင်းကိုကို (ရန်ကုန်တိုင်း)က အေးကိုဇင်(ကရင်ပြည်နယ်) ကိုလည်းကောင်း၊ **အမျိုးသား (၆၄) ကီလိုတန်းပြိုင်ပွဲတွင်** အောင်စိုးမိုး (မန္တလေးတိုင်း)က ဖွဲ့ဝေလျှံဖြိုး(နေပြည်တော်) ကိုလည်းကောင်း၊ **အမျိုးသား (၆၉) ကီလိုတန်းပြိုင်ပွဲတွင်** ကျော်စွာထွန်း (မန္တလေးတိုင်း)က သက်ဝေ (ကရင်ပြည်နယ်) ကိုလည်းကောင်း၊ **အမျိုးသား (၇၅) ကီလိုတန်းပြိုင်ပွဲတွင်** အောင်သူ(မန္တလေးတိုင်း)က စောဂလယ်ထွန့် (ကရင်ပြည်နယ်) ကိုလည်းကောင်း၊ **အမျိုးသမီး (၄၅) ကီလိုတန်းပြိုင်ပွဲတွင်** မြင့်ရတနာစံ (တနင်္သာရီတိုင်း)က ထန်နွမ်းကိမ် (မန္တလေးတိုင်း) ကိုလည်းကောင်း၊ **အမျိုးသမီး (၄၈)ကီလိုတန်း ပြိုင်ပွဲတွင်** သင်းသင်းခိုင် (မကွေးတိုင်း) က ပန်းအိဖြူ (စစ်ကိုင်းတိုင်း) ကိုလည်းကောင်း၊ **အမျိုးသမီး (၅၇) ကီလိုတန်းပြိုင်ပွဲတွင်** ထက်ထက်ဝင်း (တနင်္သာရီတိုင်း) က ပြည့်ပြည့်ဝင်း (စစ်ကိုင်းတိုင်း) ကိုလည်းကောင်း၊ **အမျိုးသမီး (၆၀) ကီလိုတန်းပြိုင်ပွဲတွင်** မူစိန်မြ (ရှမ်းပြည်နယ်)က နှင်းသီရိစံ (မွန်ပြည်နယ်) ကိုလည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ **အမျိုးသား (၅၂) ကီလိုတန်းပြိုင်ပွဲတွင်** ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာငွေးအောင်က လည်းကောင်း၊ **အမျိုးသား (၆၄) ကီလိုတန်းပြိုင်ပွဲတွင်** ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်ကလည်းကောင်း၊ **အမျိုးသား (၆၉)ကီလိုတန်းပြိုင်ပွဲတွင်** ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လည်းကောင်း၊ **အမျိုးသား (၇၅) ကီလိုတန်းပြိုင်ပွဲတွင်** ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုကလည်းကောင်း၊ **အမျိုးသမီး (၄၅) ကီလိုတန်းပြိုင်ပွဲတွင်** ပထမ၊ ဒုတိယနှင့်ပူးတွဲတတိယဆု ရရှိကြသူများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်ကလည်းကောင်း၊ **အမျိုးသမီး (၄၈) ကီလိုတန်းပြိုင်ပွဲတွင်** ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရွှေကြိမ်းက လည်းကောင်း၊ **အမျိုးသမီး(၅၇) ကီလိုတန်းပြိုင်ပွဲတွင်** ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်ဒေါက်တာဗညားအောင်မိုး ကလည်းကောင်း၊ **အမျိုးသမီး(၆၀) ကီလိုတန်းပြိုင်ပွဲတွင်** ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆုရရှိကြသူများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်က လည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ အမျိုးသား အကောင်းဆုံး အားကစားသမားဆုနှင့် အမျိုးသမီးအကောင်းဆုံး အားကစားသမားဆု ရရှိသွားသည့် ရှိုင်းငယ်(ရှမ်းပြည်နယ်) နှင့် သင်းသင်းခိုင် (မကွေးတိုင်း)တို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်က ဆုဖလားနှင့် ငွေသားဆုကျပ် တစ်သိန်းစီကို လည်းကောင်း၊ ရွှေတံဆိပ် သုံးခုဖြင့် အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုရရှိသွားသည့် တနင်္သာရီတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်းဟာက လည်းကောင်း၊ ရွှေတံဆိပ် ငါးခု၊ ကြေးတံဆိပ်တစ်ခုဖြင့် အမျိုးသားတံခွန်စိုက်ဒိုင်းဆုရရှိသွားသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင်က လည်းကောင်း၊ ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ်နှစ်ခုတို့ဖြင့် စုပေါင်းတံခွန်စိုက်ဒိုင်းဆုရရှိသွားသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က လည်းကောင်း တံခွန်စိုက်ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ပြည်ထဲရေးဝန်ကြီးဌာနမှ အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်

**နေပြည်တော် ဇွန် ၆**

ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သော (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ် (၈) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း တက်ရောက် ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။




အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်၏ ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ဇနီးများ၊ အရာရှိကြီးများ၊ ဆုရအားကစားသမားများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူ၊ နည်းပြနှင့် ဒိုင်လူကြီးများ တက်ရောက်ကြသည်။

အဆိုပါ (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြုအားကစားသမား ၃၆ ဦး၊ အုပ်ချုပ်သူ၊ နည်းပြနှင့် ဒိုင်လူကြီးများအပါအဝင် စုစုပေါင်း ၄၈ ဦးက အားကစားနည်း ၁၂ မျိုးကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပိုက်ကျော်ခြင်း၊ ဗိုဗီနမ်၊ ပြေးခုန်ပစ်၊ ဂျူဒိုနှင့် တိုက်ကွမ်ဒို အားကစားနည်း ငါးမျိုးတွင် အားကစားသမား ကိုးဦးက ရွှေတံဆိပ် လေးဆု၊ ငွေတံဆိပ်သုံးဆု၊ ကြေးတံဆိပ် ငါးဆု စုစုပေါင်းဆုတံဆိပ် ၁၂ ဆု ရရှိခဲ့ကြပြီး ပိုက်ကျော်ခြင်း (နှစ်ယောက်တွဲ)တွင် ရွှေတံဆိပ်ဆုရရှိသည့် ဒုတိယရဲမှူး ဖြူဖြူသန်းနှင့် ရဲတပ်ကြပ်ကြီး ခင်နှင်းဝေ၊ ဗိုဗီနမ် (နှစ်ယောက်တွဲ) တွင် ရွှေတံဆိပ်ဆုရရှိသည့် ရဲတပ်ကြပ် မေဟန်နီအောင်လွင်၊ ဗိုဗီနမ် (လေးယောက်တွဲအပြ) တွင် ရွှေတံဆိပ်ဆုရရှိသည့် ရဲတပ်ကြပ် အိုက်စိုးလင်းတို့ကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းကလည်းကောင်း၊ ဗိုဗီနမ် (တစ်ကိုယ်တော်ဓားတစ်လက်အပြ)တွင် ငွေတံဆိပ်ဆုရရှိသည့် ရဲတပ်ကြပ် မေဟန်နီအောင်လွင်၊ ပြေးခုန်ပစ် (၂၀-ကီလိုမီတာ လမ်းလျှောက်)တွင် ငွေတံဆိပ်ဆုရရှိသည့် ရဲဒုတပ်ကြပ် ဇင်မေထက်၊ ဂျူဒို(၆၃-ကီလိုတန်း)တွင် ငွေတံဆိပ်ဆုရရှိသည့် ရဲဒုတပ်ကြပ် နွယ်နီပွင့်လှိုင်တို့ကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်ကလည်းကောင်း၊ တိုက်ကွမ်ဒို (၆၃-ကီလိုတန်း)တွင် ကြေးတံဆိပ်ဆုရရှိသည့် ရဲဒုတပ်ကြပ် ဇော်လင်းထက်၊ တိုက်ကွမ်ဒို (၈၇-ကီလိုတန်း)တွင် ကြေးတံဆိပ်ဆုရရှိသည့် ရဲဒုတပ်ကြပ် ကျော်မင်းနိုင်၊ ပိုက်ကျော်ခြင်း (လေးယောက်တွဲ)တွင် ကြေးတံဆိပ်ဆုရရှိသည့် ဒုတိယရဲမှူး ဖြူဖြူသန်း၊ ရဲတပ်ကြပ်ကြီး ခင်နှင်းဝေနှင့် ရဲတပ်ကြပ်ကြီး နန်းစုမြတ်စံ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူ၊ နည်းပြနှင့် ဒိုင်များကို အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက လည်းကောင်း၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းနှင့်အဖွဲ့ဝင်များသည် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများကို ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး အခြေခံလူဦးရေစာရင်းနှင့် မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇွန် ၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် ယနေ့နံနက် ၈ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အစီအစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး သုဝဏ္ဏ လူငယ်လေ့ကျင့်ရေးစင်တာတွင် ဆောင်ရွက်လျက်ရှိသည့် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေး အခြေခံလူဦးရေစာရင်းနှင့် မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များမှာကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီးဥပဒေချုပ်၊ သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနတို့မှ တာဝန်ခံအရာရှိများ တက်ရောက်ကြသည်။

အဆိုပါ အခြေခံလူဦးရေစာရင်းနှင့် မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ပြည်ထောင်စုနယ်မြေမှ ထုတ်နုတ်ဝန်ထမ်းအင်အား ၄၅ ဦး၊ ရန်ကုန်တိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲရုံးများမှ ထုတ်နုတ်ဝန်ထမ်းအင်အား ၅၅ ဦး စုစုပေါင်း ဝန်ထမ်း ၁၀၀ တို့ဖြင့် ရန်ကုန်တိုင်းဒေသကြီး သုဝဏ္ဏလူငယ်လေ့ကျင့်ရေးစင်တာတွင်အခြေပြု၍ ယနေ့မှစတင်ကာ သဃ်န်းကျွန်းမြို့နယ်နှင့် တာမွေမြို့နယ်တို့၏ မဲစာရင်းအခြေခံ လူဦးရေစာရင်းကို မြေပြင်စိစစ်တိုက်ဆိုင်စစ်ဆေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပို့ချပေးသည့် ဘာသာရပ်များသာမက ပိုမိုသစ်လွင်ကောင်းမွန်သည့် တီထွင်ဆန်းသစ်မှုများကိုလည်း အမြဲလေ့လာသင်ယူ






နေပြည်တော် ဇွန် ၆

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အရာရှိစွမ်းရည်မြှင့်သင်တန်း(၂/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းကျောင်း၌ ကျင်းပသည်။

**ဖွင့်လှစ်ပေးလျက်ရှိ**

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမှာစကားပြောကြားရာ၌ ဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့်အညီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို ပေါက်မြောက်အောင်မြင်စေရေးအတွက် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန်နှင့် တစ်ဦးချင်းစွမ်းဆောင်ရည်များ တိုးတက်လာစေရန်ရည်ရွယ်၍ အရာရှိစွမ်းရည်မြှင့်သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် တစ်နှစ်တာနှင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရေးအတွက် သင်တန်းပေါင် ၂၂ ကြိမ် ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ကြောင်း။

အရာရှိစွမ်းရည်မြှင့်သင်တန်းတွင် ပို့ချပေးသည့် ဘာသာရပ်များသာမက ပိုမိုသစ်လွင်ကောင်းမွန်သည့် တီထွင်ဆန်းသစ်မှုများကိုလည်း အမြဲလေ့လာသင်ယူ၍ မိမိတစ်ဦးတည်းသာမက မိမိဝန်ထမ်းများ၏ တစ်ဦးချင်းစွမ်းဆောင်ရည်များ တိုးတက်လာစေရန်နှင့် ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့၏ ရည်မှန်းချက်တာဝန်များကို ပေါက်မြောက်အောင်မြင်စေရန် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အရာရှိစွမ်းရည်မြှင့်သင်တန်းသို့ တက်ရောက်သည့် သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အရာရှိစွမ်းရည်မြှင့်သင်တန်း (၂/၂၀၂၂)ကို ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လက်ထောက်ညွှန်ကြားရေးမှူး ၂၂ ဦး တက်ရောက်ကြကြောင်း သိရသည်။

အလားတူ ပျဉ်းမနား လူထုအခြေပြုဗဟိုဌာနတွင် ဖွင့်လှစ်သည့် e-Library Management System Software အသုံးပြုနည်း (၂/၂၀၂၂) သင်တန်းသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စာကြည့်တိုက်လုပ်ငန်းလုပ်ဆောင်နေကြသည့် ဝန်ထမ်း ၃၀ တက်ရောက်ကြကြောင်းနှင့် သင်တန်းကို ဇွန် ၆ ရက်မှ ၁၀ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၁၅)သင်တန်းဖွင့်




ရန်ကုန် ဇွန် ၆

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် ဇွန် ၆ ရက်မှ အောက်တိုဘာ၂၀ ရက်ထိ Online Learning System ဖြင့်လည်းကောင်း၊ အောက်တိုဘာ ၃၁ရက်မှ နိုဝင်ဘာ ၂၅ ရက်ထိ In-House System ဖြင့်လည်းကောင်း ဖွင့်လှစ်မည့် အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၁၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် Online Learning System ဖြင့် ကျင်းပခဲ့ရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ပါမောက္ခချုပ် ဦးဇော်ဇော် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူး/ပါမောက္ခ (ပညာဌာနမှူး)များ၊ ဌာနမှူး/တွဲဖက်ပါမောက္ခများနှင့် အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၁၅)သို့ တက်ရောက်ကြမည့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့မှ ဦးစီးအရာရှိအဆင့်ရှိ သင်တန်းသား ၂၀၅ ဦး၊ သင်တန်းသူ ၂၄၄ ဦး စုစုပေါင်း ၄၄၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၂၄ ပတ် ကြာမြင့်မည်ဖြစ်သည်။

သတင်းစဉ်

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇွန် ၆

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# အစဉ်ရှေးရှု ယဉ်ကျေးမှု ဂုဏ်ပြုညွှန်းဆို အနုပညာတက္ကသိုလ်

**သက်ဦးမောင်(ယဉ်ကျေးမှု)**

### အနုပညာ - ပညာရေး

အနုပညာ - ပညာရေးဆိုသည်မှာ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာ၊ ရုပ်မြင်သံကြားပညာ၊ စာပေအနုပညာ စသည်တို့နှင့် ယင်းတို့၏ ဖန်တီးမှုဆိုင်ရာများကိုသင်ကြားပေးသည့် ပညာရေးဖြစ်သည်။ ယင်းတွင် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးပြင်ပလှုပ်ရှားမှုဆိုင်ရာ နှစ်ရပ်လုံးပါဝင်သည်။ အနုပညာ - ပညာရေးတွင် လူ့အဖွဲ့အစည်းအတွက် မရှိမဖြစ်သော အမျိုးသားရေးလိုအပ်ချက်နှင့် ယဉ်ကျေးမှုအမွေအနှစ်၏ အစိတ်အပိုင်းများပါဝင်သည်။ စိတ်ခံစားမှုများကို အနုပညာရသမှတစ်ဆင့် ဖော်ထုတ်နိုင်ရန် လေ့ကျင့်သင်ကြားပေးရင်း ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ရှေးရှုသော ပညာရေးအမျိုးအစားဖြစ်သည်။ တစ်နည်းဆိုရသော် Arts in education သည် ပညာရပ်ဆိုင်ရာသုတေသနနှင့် လေ့ကျင့်ရေးနယ်ပယ်တစ်ခုဖြစ်ပြီး ပညာရပ်ဆိုင်ရာအတွေ့အကြုံများမှတစ်ဆင့် သင်ယူခြင်းအား စူးစမ်းလေ့လာခြင်းဖြင့် အသိပေးထားသော ပညာရေးအမျိုးအစားဖြစ်သည်။

အနုပညာနှင့် တီထွင်ဖန်တီးမှုပညာဆိုသည်မှာ ကျောင်းသားများသည် စွန့်စားရနိုင်သော၊ အမှီအခိုကင်းပြီး လိုက်လျောညီထွေရှိနိုင်သော စိတ်ကူးစိတ်သန်းအသစ်များကို ဖန်တီးရန်၊ စိတ်ကူးဉာဏ်နှင့် ဝေဖန်ပိုင်းခြားတွေးခေါ်မှုကိုအသုံးချကာ တီထွင်ဖန်တီးသော ပညာဖြစ်သည်။ သင်ယူခဲ့သည့်အရာများကို ထပ်တလဲလဲပြောကာ သင်ကြားပေးမည့်အစား ကျောင်းသားများသည် ပြဿနာတစ်ခုအတွက် အမျိုးမျိုးသော အဖြေများကို ရှာဖွေရန်၊ ၎င်းတို့၏ စွမ်းရည်ကို မြှင့်တင်ရန် သင်ယူကြခြင်းသည် အနုပညာ - ပညာရေးပင်ဖြစ်သည်။

### အနုပညာကို သင်ကြားခြင်း

အနုပညာကိုသင်ကြား၍ ရ၏၊ မရ၏ ဆိုခြင်းကို အနုပညာရှင်များက အဖြေအမျိုးမျိုးပေးခဲ့ကြပြီးဖြစ်သည်။ အချို့က သင်ကြား၍ ရနိုင်သည်ဟုဆို၏။ အချို့က သင်ကြား၍ မရနိုင်ဟုဆို၏။ မည်သို့ဆိုစေ နိုင်ငံတကာတွင် အနုပညာသင်ကြားရေးဆိုင်ရာ သင်တန်းကျောင်းများ၊ အနုပညာတက္ကသိုလ်ကြီးများ အထင်ကရရှိနေသောကြောင့် အနုပညာကို သင်ကြားရန်လိုအပ်ကြောင်း ထင်ရှားသည်။ အနုပညာဆိုင်ရာ သီအိုရီနှင့် သဘောတရားများကို ထုတ်နုတ်ပြလျက် လက်တွေ့ဖန်တီးမှုကို လမ်းညွှန်ပြခြင်းသည်အနုပညာဆိုင်ရာ သင်ကြားမှုလုပ်ငန်းပင်ဖြစ်သည်။ အနုပညာကို သင်ကြားပေးခြင်းသည် ပိုမိုအဓိပ္ပာယ်ရှိသော တီထွင်ဖန်တီးမှုကို ဖြစ်ပေါ်စေရန် တွန်းအားပေးသည်။ မိမိကိုယ်ကိုနှင့် အခြားအရာများအပေါ် ပိုမိုရှင်းလင်းစွာ နားလည်သဘောပေါက်လာစေသည်။ ယင်းမှတစ်ဆင့် ကျွမ်းကျင်မှုကိုဖြစ်ပေါ်စေပြီး လူ့အဖွဲ့အစည်းနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေပါသည်။

အနုပညာသင်ကြားမှု၊ သင်ယူမှုကို တိုးတက်အောင် လုပ်ဆောင်နိုင်မည့် နည်းလမ်းမှာ အနုပညာလက်ရာများနှင့် အနုပညာအတွေ့အကြုံများတွင် ပါဝင်ပတ်သက်မှု ပုံစံအမျိုးမျိုးကို အနီးကပ်ကြည့်ရှုခြင်း၊ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းအားဖြင့် လူသားတို့၏ အပြုအမူ၊ တွေးခေါ်နိုင်မှု၊ အလားအလာနှင့် သင်ယူမှုတို့ကို နားလည်သဘောပေါက်စေကာ ထပ်ဆင့်ဖန်တီးစေခြင်းပင်ဖြစ်သည်။ တီထွင်ကြံဆမှု (Innovation)နှင့်ဖန်တီးနိုင်စွမ်း (Creativity)တို့ကို ဆရာသင်ကြားညွှန်ပြသည့်အတိုင်း လေ့ကျင့်နိုင်သည်နှင့်အမျှ အနုပညာသင်ကြားမှု ပေါက်ရောက်အောင်မြင်နိုင်မည်ဖြစ်သည်။

### အနုပညာတက္ကသိုလ်များ၏ ရည်မှန်းချက်

နိုင်ငံတကာရှိအနုပညာကျောင်းများ၊ အနုပညာတက္ကသိုလ်များ၏ ယေဘုယျရည်မှန်းချက်မှာ ရိုးရှင်းသည်။ နိုင်ငံသားတို့၏ တီထွင်ဖန်တီးနိုင်စွမ်းအားကို မြှင့်တင်ရန်နှင့် ယင်းဖန်တီးနိုင်မှုစွမ်းအားများသည် မိမိတို့လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရန်ဖြစ်သည်။ သို့အတွက် မိမိကိုယ်ကို ယုံကြည်မှုနှင့် ကျွမ်းကျင်မှုရှိသော အနုပညာရှင်များ လေ့ကျင့်သင်ကြားမွေးထုတ်ပေးရန်ပင်ဖြစ်သည်။



အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့သည် မြန်မာနိုင်ငံ၏ အနုပညာသင်ကြားရေးဆိုင်ရာ တက္ကသိုလ်နှစ်ခုဖြစ်သည်။ ရည်မှန်းချက်မှာ မြန်မာ့ယဉ်ကျေးမှုသုခုမအမွေအနှစ်(သဘင်၊ ဂီတ၊ ပန်းချီ၊ ပန်းပု)နှင့် ရုပ်ရှင်နှင့်ပြဇာတ်ပညာရပ်များကို ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ မြှင့်တင်ခြင်း၊ ထွန်းကားပြန့်ပွားစေခြင်း၊ ပေါင်းစပ်ဖန်တီးခြင်းတို့ကို လေ့ကျင့်သင်ကြားပေးရင်း အနုပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်ပင်ဖြစ်သည်။ ထိုမှတစ်ဆင့် အနုပညာဖြင့် နိုင်ငံဂုဏ်ကိုမြှင့်တင်ရန်၊ အနုပညာဖြင့် အမျိုးသားယဉ်ကျေးမှု အစဉ်အလာများကို ပိုမိုခိုင်မာအောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ အနုပညာဖြင့် ပြည်သူကိုအလုပ်အကျွေးပြုရင်း အမျိုးသားရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရန်ပင်ဖြစ်သည်။



သဘင်ပညာရပ်သင်ယူလေ့ကျင့်မှု။

> ❛ နိုင်ငံတည်ဆောက်ရေးတွင် ယဉ်ကျေးမှုသည် အရေးပါသော အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်နေကြောင်း နိုင်ငံတိုင်းက ခံယူထားသည်။ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော နိုင်ငံတိုင်း အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားယဉ်ကျေးမှုကို ဦးစားပေးဆောင်ရွက်လေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတည်ရှိမှု၏ သမိုင်းအစဉ်အလာနှင့် နိုင်ငံ၏ဂုဏ်သိက္ခာ အမျိုးသားရေးစရိုက်လက္ခဏာတို့သည် ယဉ်ကျေးမှုတည်းဟူသော နိုင်ငံ၏အသက်ဝိညာဉ်အပေါ် တည်မှီနေသောကြောင့်ဖြစ် ❜

### အနုပညာတက္ကသိုလ်သို့ တက်ရောက်လိုလျှင်

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)သည် ဒဂုံမြို့သစ်တောင်ပိုင်း (၂၆) ရပ်ကွက် အောင်ဇေယျလမ်းတွင် တည်ရှိသည်။ ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ တနင်္သာရီတိုင်းဒေသကြီးများနှင့် ကရင်၊ မွန်၊ ရခိုင်ပြည်နယ်များ၏ စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သူများ တက်ရောက်နိုင်သည်။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)သည် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာ ရွှေစာရံဘုရားလမ်းတွင် တည်ရှိသည်။ နေပြည်တော်၊ မန္တလေး၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသကြီးများနှင့် ရှမ်း၊ ကချင်၊ ကယား၊ ချင်းပြည်နယ်များ၏ စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သူများ တက်ရောက်နိုင်သည်။

စာမျက်နှာ ၇ သို့ ○

❍ စာမျက်နှာ ၆ မှ

တက္ကသိုလ်ဝင်ခွင့်အရည်အချင်းမှာ ၁၀ တန်းအောင်ဟု သတ်မှတ်သည်။ သိပ္ပံတွဲ၊ ဝိဇ္ဇာတွဲ၊ အမှတ်အနည်းအများ မခွဲခြားဘဲ အနုပညာဝါသနာပါခြင်းနှင့် အနုပညာဗီဇရှိသူကို ရွေးချယ်လက်ခံသည်။ ဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲနှင့် လူတွေ့စစ်ဆေးမှုကို ခံယူရမည်ဖြစ်သည်။

ကျောင်းတက်ရောက်ခွင့်ရပြီဆိုလျှင် ပထမနှစ်ဝက်ကို နိုဝင်ဘာ ၁ ရက်မှ မတ် ၃၀ ရက်အထိ တက်ရောက်ပြီး ဧပြီတွင် ကျောင်းတစ်လပိတ်ကာ ဒုတိယနှစ်ဝက်ကို မေ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ တက်ရောက်ကြရမည်ဖြစ်သည်။ အောက်တိုဘာတစ်လ ကျောင်းပိတ်သည်။ မတ်နှင့် စက်တင်ဘာတို့တွင် ပထမနှစ်ဝက်နှင့် ဒုတိယနှစ်ဝက် စာမေးပွဲများကို စာတွေ့နှင့် လက်တွေ့နှစ်မျိုး ဖြေဆိုကြရမည်ဖြစ်ပါသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တွင် ဘွဲ့လွန်ဒီပလိုမာသင်တန်းများ (PGDA,PGDM, PGDAA, PGDLM)များနှင့် အနုပညာ ကွန်ပျူတာဒီပလိုမာ (Dip.CA– Computer Art) တို့ကိုပါ တက်ရောက်သင်ကြားနိုင်ပါသည်။ ကျောင်းတက်ရောက်လိုသူ၊ သင်တန်းတက်ရောက်လိုသူများ အနေဖြင့် သင်တန်းရေးရာဌာန (ဖုန်း–၀၉–၄၂၁၀၁၂၈၀၈/ ၀၁၃–၅၉၀၂၅–ရန်ကုန်နှင့် ၀၉ –၂၅၀၇၀၀၅၁၅/၀၈၅–၄၀၁၈၄)တို့ကို အသေးစိတ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**သင်ကြားပေးမှုနှင့်ဘွဲ့အပ်နှင်းမှု**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး)မှ ဂီတပညာ၊ သဘင်ပညာ၊ ပန်းချီပညာ၊ ပန်းပုပညာ၊ ရုပ်ရှင်နှင့် ပြဇာတ်ပညာရပ်များကို သင်ကြားပေးသည်။ ဂီတပညာရပ်တွင် ဂီတဗေဒ၊ ကမ္ဘာ့ဂီတသင်္ကေတ၊ အဆိုပညာ၊ တိုင်းရင်းသားရိုးရာဂီတ၊ ဂီတဖွဲ့သီမှု ဘာသာရပ်များသင်ကြားရသည်။ သဘင်ပညာရပ်တွင် အကနှင့် အကဗေဒ၊ ဇာတ်ပို့တေးဂီတ (မဟာဂီတ အဆိုနှင့် ပတ္တလားအတီးလက်တွေ့)၊ ဇာတ်ညွှန်းရေးခြင်းပညာ၊ ဇာတ်စင်ညွှန်ကြားမှုပညာ၊ မြန်မာ့ရိုးရာဇာတ်ကြီးပညာ၊ မြန်မာ့ရိုးရာရုပ်သေးပညာများ သင်ကြားရသည်။ ပန်းချီပညာရပ်တွင် ပန်းချီသမိုင်း၊ ရသခံစားမှု၊ အခြေခံပုံဆွဲပညာ၊ ပန်းချီနည်းပညာ၊ ဒီဇိုင်း၊ မြန်မာ့ရိုးရာပန်းချီ၊ ရသပန်းချီ၊ လုပ်ငန်းပန်းချီပညာရပ်များ သင်ကြားရသည်။ ပန်းပုပညာရပ်တွင် ပန်းပုပညာသမိုင်း၊ ပန်းပုနည်းပညာ၊ မြန်မာ့ရိုးရာပန်းပု၊ ခန္ဓာဗေဒ၊ အခြေခံပုံဆွဲ၊ ပုံဖော်နည်းပညာ၊ ခေတ်ပြိုင်ပန်းပုတို့ကို သင်ကြားရသည်။ ရုပ်ရှင်နှင့် ပြဇာတ်ပညာရပ်တွင် ဇာတ်လမ်းဇာတ်ညွှန်းပညာ၊ စီစဉ်ညွှန်ကြားမှုဒါရိုက်တာပညာ၊ ရုပ်ရှင်ဓာတ်ပုံပညာ၊ သရုပ်ဆောင်ပညာ၊ တည်းဖြတ်ပညာရပ်များ သင်ကြားရပါသည်။

ဝါသနာပါရာ၊ နှစ်သက်ရာပညာရပ်တစ်ခုကို ရွေးချယ်သင်ယူနိုင်ပြီး ဘွဲ့ကြိုသင်တန်း လေးနှစ်ပြီး၍ အောင်မြင်လျှင် ဝိဇ္ဇာဘွဲ့(ဂီတ)၊ ဝိဇ္ဇာဘွဲ့(သဘင်)၊ ဝိဇ္ဇာဘွဲ့(ပန်းချီ)၊ ဝိဇ္ဇာဘွဲ့(ပန်းပု)၊ ဝိဇ္ဇာဘွဲ့(ရုပ်ရှင်နှင့်ပြဇာတ်)ဘွဲ့များ အပ်နှင်းသည်။ အရည်အချင်းပြည့်မီပါက မဟာဝိဇ္ဇာဘွဲ့ကြိုသင်တန်း ဆက်လက်တက်ရောက်နိုင်သည်။ ဘွဲ့ယူလက်ရာမွန်စွမ်းရည်ပြပွဲနှင့် စင်တင်တင်ဆက်ပွဲကို အမျိုးသားကဇာတ်ရုံ၌ ကျင်းပပြီး ဘွဲ့နှင်းသဘင်အခမ်းအနားကို ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဘွဲ့အပ်နှင်းပွဲကျင်းပသည်။

**ပျော်ရွှင်မှု၊ အောင်မြင်မှုနှင့် အခွင့်အလမ်း**

တက္ကသိုလ်စတက်သည်နှင့် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် တက္ကသိုလ်မိတ်ဆက် ရက်သတ္တပတ်ပျော်ပွဲရွှင်ပွဲကဦးစွာကြိုဆိုနေမည်ဖြစ်သည်။ နောင်တော်စီနီယာကျောင်းသားများ၏ ဖျော်ဖြေတင်ဆက်မှုများကိုလည်း ကြည့်ရှုကြရမည်။ စာသင်နှစ်တစ်နှစ်အတွင်း ဘာသာရပ်ဆိုင်ရာအနုပညာပြပွဲ၊ ပြိုင်ပွဲများ၊ စကားရည်လုပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ မေဂျာပေါင်းစုံဘောလုံးပြိုင်ပွဲများကို ဝါသနာပါရာ ဆင်နွှဲနိုင်ကြသည်။ စာသင်နှစ်တစ်နှစ်(မတ်လနောက်ဆုံးပတ်တွင်) ချစ်သူလမ်းကြားမှ တက္ကသိုလ်သင်္ကြန်ပွဲကိုလည်း ပါဝင်ဆင်နွှဲနိုင်ပြီး ရေတစ်ခါလောင်းရုံဖြင့် တစ်ဘဝလုံးစိုနေစေမည့် အမှတ်တရ ပျော်ရွှင်မှုမျိုး ခံစားကြရပေလိမ့်မည်။


တိုင်းရင်းသားစုံညီ အမိတက္ကသိုလ်ဆီမှာ။

အနုပညာတက္ကသိုလ်ကျောင်းသားဘဝတွင် နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်ဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်ဖျော်ဖြေခွင့်၊ လေ့လာခွင့် အခွင့်အလမ်းများ ရရှိနိုင်သည်။ နိုင်ငံတော်အဆင့် ယဉ်ကျေးမှုဆိုင်ရာ အခမ်းအနားများတွင် ပါဝင်ခွင့်၊ ကူညီခွင့်ရရှိကြမည်။ အခါအားလျော်စွာ နိုင်ငံတကာအနုပညာတက္ကသိုလ်များ၊ ကျောင်းများမှ ပညာရှင်ကြီးများလာရောက်ကာ ဟောပြောခြင်း၊ ဆွေးနွေးခြင်း၊ သင်တန်းပို့ချခြင်းများကိုလည်း လေ့လာမှတ်သားသင်ကြားခွင့်ရရှိကြမည် ဖြစ်သည်။

အနုပညာဆိုင်ရာ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်ဖြစ်သဖြင့် ကျောင်းပြီးလျှင် လုပ်ငန်းခွင်နယ်ပယ်အသီးသီးသို့ ယုံကြည်မှု၊ ရဲဝံ့မှု၊ ကျွမ်းကျင်မှုတို့ဖြင့် ပညာရဲရင့်ပွဲလယ်တင့်ကာ ခေါင်းမော့အလုပ်လုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။

ယခုအခါ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်၊ မန္တလေး) မှ ကျောင်းဆင်းဘွဲ့ရ ကျောင်းသားကျောင်းသူများသည် သက်ဆိုင်ရာ ဝန်ကြီးဌာနများတွင် နိုင်ငံ့ဝန်ထမ်းများအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အနုပညာနယ်ပယ်အသီးသီးတွင် အနုပညာရှင်၊ အတတ်ပညာရှင်များအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်လျက် ရှိကြပါသည်။

**ဂုဏ်ယူစရာ အနုပညာကျောင်းသားကျောင်းသူ**

နိုင်ငံတည်ဆောက်ရေးတွင် ယဉ်ကျေးမှုသည် အရေးပါသော အစိတ်အပိုင်းတစ်ရပ်အဖြစ်ပါဝင်နေကြောင်း နိုင်ငံတိုင်းက ခံယူထားသည်။ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသော နိုင်ငံတိုင်းအမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားယဉ်ကျေးမှုကို ဦးစားပေးဆောင်ရွက်လေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတည်ရှိမှု၏ သမိုင်းအစဉ်အလာနှင့် နိုင်ငံ၏ဂုဏ်သိက္ခာ အမျိုးသားရေးစရိုက်လက္ခဏာတို့သည် ယဉ်ကျေးမှုတည်းဟူသော နိုင်ငံ၏အသက်ဝိညာဉ်အပေါ် တည်မှီနေသောကြောင့်ဖြစ်သည်။

အနုပညာတက္ကသိုလ်ကျောင်းဆင်းလူငယ်မောင်မယ်များသည် အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်နိုင်သော၊ တီထွင်ကြံဆမှု၊ ဖန်တီးနိုင်မှုစွမ်းပကားဖြင့် နိုင်ငံ၏တိုးတက်မှုကို ရှေးရှုနိုင်သော နိုင်ငံ့သားကောင်းများအဖြစ် ဝမ်းမြောက်ဂုဏ်ယူကြရမည်ဖြစ်ပါသည်။ ။

# နိုင်ငံတော်နှင့် ပြည်သူများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဒေသအတွင်းရှိ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များကို အကျိုးရှိရှိ ထုတ်ယူသုံးစွဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဇွန် ၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် တနင်္သာရီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့မွန်းလွဲပိုင်းတွင် မြိတ်ခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် တနင်္သာရီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းဗိုလ်က တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် လျှပ်စစ်ဓာတ်အားလုပ်ငန်းများနှင့် စပ်လျဉ်း၍ တင်ပြရာ ဒုတိယဝန်ကြီးက မိမိတို့၏ အလုပ်တာဝန်များကို စေတနာထား၍ ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်ကြရန်၊ အခြားသော ဆက်စပ်ဌာနများနှင့်လည်း ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်၊ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများ၏ ကြံ့ခိုင်မှုများအား အမြဲမပြတ်စစ်ဆေး၍ အချိန်နှင့်တစ်ပြေးညီ ထိန်းသိမ်းပြုပြင်သွားကြရန်၊ ဓာတ်အားပျောက်ဆုံးမှုများ ယခုထက်ပိုမိုလျှော့နည်းစေရေး စီမံချက်များရေးဆွဲချမှတ်ဆောင်ရွက်ရန်၊ လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာများအား လျှပ်စစ်မီးသွယ်တန်းနိုင်ရေး ဆောင်ရွက်ရန်၊ နိုင်ငံတော်နှင့် ပြည်သူများ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဒေသအတွင်းရှိ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များကို အကျိုးရှိရှိ ထုတ်ယူသုံးစွဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းအသစ်များအား ဆိုးကျိုးသက်ရောက်မှု အနည်းဆုံးဖြစ်စေရန် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သလို လက်ရှိလည်ပတ်နေသည့် ဓာတ်အားပေးစက်ရုံများ၏ ထုတ်လုပ်မှုစွမ်းရည်မြှင့်တင်နိုင်ရေးအတွက်လည်း အလေးအနက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသအတွင်းရှိ အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်အောင်ဆောင်ရွက်ခြင်း၊ Solar PV Hybrid Mini-grid များ တပ်ဆင်သုံးစွဲခြင်းများဖြင့် လက်ရှိဒီဇယ်ဓာတ်အားပေးစက်ရုံများ၏ ဒီဇယ်ဆီသုံးစွဲမှုကို လျှော့ချနိုင်သည့်အတွက် နိုင်ငံတော်မှ နိုင်ငံခြားငွေသုံးစွဲရမှုကို လျှော့ချပေးနိုင်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်စရိတ်ကြီးမြင့်မှုနှင့် ဒီဇယ်ဆီသုံးစွဲမှုများပြားခြင်းစသည့် ဘေးထွက်ဆိုးကျိုးများကိုပါ လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ အသေးစား ရေအားလျှပ်စစ်အရင်းအမြစ်ရှိသည့် နေရာများတွင် Micro (သို့မဟုတ်) Mini Hydropower Mini-grid များကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး လက်ရှိ မြန်မာ့ဓာတ်အားစနစ်နှင့် ထပ်မံချိတ်ဆက်ကာ Regional Grid အဖြစ် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားပြီး ဝန်ထမ်းများအား ထောက်ပံ့ငွေများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြိတ်မြို့တွင် ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးလျက်ရှိသော Petro & Trans ကုမ္ပဏီ၏ ဓာတ်အားပေးစက်ရုံများဖြစ်သော စက်တပ်ဆင်အင်အား(500)KVA ငါးလုံးတပ်ဆင်ထားသော စုစုပေါင်း တပ်ဆင်အင်အား (2500)KVAရှိ ကန်ဖျားဒီဇယ်သုံး ဓာတ်အားပေးစက်ရုံနှင့် စက်တပ်ဆင်အင်အား(1250)KVA နှစ်လုံး၊ (1000) KVA တစ်လုံး၊ (500)KVA ၁၆ လုံး၊ (560)KVA ၁၁ လုံး စုစုပေါင်း တပ်ဆင်အင်အား (17660)KVA ရှိ ကုန်းဖောက် ဒီဇယ်သုံးဓာတ်အားပေးစက်ရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ ဒီဇယ်ဆီကို အသုံးပြုလည်ပတ်ရသော ဓာတ်အားပေးစက်ရုံများ ဖြစ်သည့်အတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အလေးထားဂရုပြု ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများ၊ ငွေသားအခြေခံ အပိုင်း (၁) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၆**

နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများ၊ ငွေသားအခြေခံ အပိုင်း(၁) International Public Sector Accounting Standards – IPSAS, Part –1 of Cash–Basis သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုစနစ်သို့ ပြောင်းလဲကျင့်သုံးရာတွင် အစိုးရဌာန၊ အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးစာရင်းများ ရေးဆွဲတင်ပြသည့်စနစ်ကို နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများ (International Public Sector Accounting Standards – IPSAS)သို့ ကူးပြောင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး တို့က ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းရေးဆွဲခဲ့သော IPSAS Transition Plan and Roadmap အရ Cash Basis မှ Accrual basis သို့ အဆင့်ဆင့်ကူးပြောင်းခြင်းကို ၂၀၂၀ ပြည့်နှစ်မှ ၂၀၃၂ ခုနှစ်အထိ အဆင့် (၄) ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန်အတွက် အချိန်ဇယားများကို ပြင်ဆင်ရေးဆွဲပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လက်ရှိဆောင်ရွက်နေသည့် အရအသုံးခန့်မှန်းခြေငွေစာရင်း အကောင်အထည်ဖော်မှုဆိုင်ရာ အစီရင်ခံစာများ ပြုစုတင်ပြခြင်း၊ ငွေစာရင်းခေါင်းစဉ်များသတ်မှတ်ခြင်း၊ အစိုးရစာရင်းပေါင်းချုပ်ခြင်းနှင့် ဘဏ္ဍာရေး အစီရင်ခံစာတင်ပြခြင်းတို့ကို အခြေခံ၍ နိုင်ငံတကာစာရင်းစံများ (IPSAS) ကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် မိမိတို့ဌာန၏ လုပ်ငန်းနယ်ပယ်တွင် လက်တွေ့ပြန်လည်အသုံးချနိုင်ရန်နှင့် မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးအစီရင်ခံစာ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပို့ချသည့်သင်ခန်းစာများ ကြိုးစားသင်ယူလေ့လာပြီး ဆင့်ပွားသင်ကြားပေးရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က အပြည်ပြည်ဆိုင်ရာ ပြည်သူပိုင်/အများပိုင်/အစိုးရနိုင်ငံပိုင်စာရင်းများ (စာရင်းကိုင်စံများ)ကို ပြောင်းလဲကျင့်သုံးရန် စံသတ်မှတ်ခြင်းသည် နိုင်ငံတကာ ပြည်သူ့စာရင်းစနစ်တွင် လိုက်လျောညီထွေ သဟဇာတဖြစ်စေရန် ကမ္ဘာ့နိုင်ငံများကို လိုက်နာပြောင်းလဲကျင့်သုံးစေရန် ကြိုးစားလာခြင်းဖြစ်ပါကြောင်း၊ အစိုးရဌာန၊ အဖွဲ့အစည်းများ၏ စာရင်းများ ရေးဆွဲတင်ပြမှုကို အများလက်ခံကျင့်သုံးနေသည့် စာရင်းထားနည်းစနစ် (GAAP)မှ နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများ (IPSAS) သို့ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လက်ရှိကျင့်သုံးနေသည့် စာရင်းထားနည်းစနစ်နှင့် နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာစာရင်းစံများ (IPSAS) တို့အကြား ကွာဟချက်များကို ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် ဆန်းစစ်ချက်ပြုလုပ်ခဲ့ပြီး ပြုပြင်ဆောင်ရွက်ရန် လိုအပ်နေမှုများကိုလည်း IPSAS Transition Plan and Roadmap ကို ရေးဆွဲ၍ IPSAS အသွင်ကူးပြောင်းရေးကို ၂၀၂၀ ပြည့်နှစ်မှ ၂၀၃၂ ခုနှစ်အထိ ဆောင်ရွက်သွားရန် လျာထားပါကြောင်း၊ မြန်မာနိုင်ငံတွင် IPSAS ကျင့်သုံးမှု အောင်မြင်စေရန်အတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် လိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ Key Stakeholder များအဖြစ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အခြားနီးနွယ် ဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းတို့မှ အကြီးအကဲများ၊ ဘဏ္ဍာရေးဆိုင်ရာ အဆင့်ဆင့်တာဝန်ရှိသူများ စုစည်းပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ အရာရှိကြီးများ၊ သင်တန်းကထိကများနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့်ငွေတိုက်ဦးစီးဌာနတို့မှသင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ်ကြာမြင့်မည်ဖြစ်ပြီး အဆိုပါသင်တန်းကို မြန်မာနိုင်ငံတွင် ခိုင်မာအားကောင်းသည့်ပြည်သူ့ဘဏ္ဍာရေးစနစ် ဖြစ်ပေါ်လာရေးအတွက် အထောက်အကူပြုစေရန် ရည်ရွယ်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးတို့တွင် အိမ်ရာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်အနေဖြင့် အိမ်ခန်းပေါင်း ၅၀၀၈ ခန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် အမှတ်(၇) လမ်းမကြီးနှင့် အမှတ် (၂) လမ်းမကြီးအကြားရှိ ပြည်သူ့အငှားအိမ်ရာ တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်တွင် ရန်ကုန်တိုင်းဒေသကြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ်တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။



**ရှင်းလင်းတင်ပြ**

တွေ့ဆုံစဉ် တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်မှုကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ နေထိုင်ရေး အဆင်ပြေစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်အတွက် ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးတို့တွင် အိမ်ရာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်အနေဖြင့် အိမ်ခန်းပေါင်း ၅၀၀၈ ခန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ယခု ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ်တို့မှ အဆောက်အအုံ ၁၉၄ လုံး၊ အိမ်ခန်းပေါင်း ၃၁၀၄ ခန်း ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှုတို့ကို မိမိလာရောက်ကြည့်ရှုစစ်ဆေးခြင်း ဖြစ်ပါကြောင်း၊ အသင်းချုပ်များ၏ လုပ်ငန်းဆောင်ရွက်စဉ် တွေ့ကြုံရမည့် အခက်အခဲများ၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

အသင်းချုပ်များ အနေဖြင့် အိမ်ရာ စီမံကိန်းလုပ်ငန်းများ သတ်မှတ်အချိန်မီ ပြီးစီးရေး အတွက် စာချုပ်ပါစည်းကမ်းများ၊ ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေများ လေလွင့်မှုမရှိစေရန်နှင့် လုပ်ငန်းများအောင်မြင်စွာ ပြီးစီးရေးအတွက် ဆက်လက်ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း။

အိမ်ရာစီမံကိန်းအတွင်း နေထိုင်မည့်သူများ အဆင်ပြေစေရေး အတွက် ရေ/မီး ရရှိရေး၊ အရိပ်ရသစ်ပင်များ စိုက်ပျိုးပေးနိုင်ရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနတို့နှင့် ပူးပေါင်းပြီး သစ်ပင်များစိုက်ပျိုးပေးရန်တို့ကိုမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိမ်ရာတည်ဆောက်ရေး စီမံကိန်းအတွင်း တည်ဆောက်ပြီး အိမ်ရာများနှင့် တည်ဆောက်ဆဲ အိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်း မြို့နယ်တွင် ပြည်သူ့အငှားအိမ်ရာ စီမံကိန်း အဆောက်အအုံ ၁၉၄ လုံး၊ အိမ်ခန်းပေါင်း ၃၁၀၄ ခန်းကို မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်မှ အဆောက်အအုံ ၉၇ လုံးတွင် ၅၉ ရာခိုင်နှုန်း ပြီးစီး၍ မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်မှ အဆောက်အအုံ ၉၇ လုံး ဆောင်ရွက်ရာ ၅၁ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး၍ စုစုပေါင်း အိမ်ရာစီမံကိန်း လုပ်ငန်းများ ပျမ်းမျှ ၅၅ ရာခိုင်နှုန်း ပြီးစီးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဟင်္သာတခရိုင် မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ)သင်တန်းဖွင့်ပွဲ ကျင်းပ

**ဟင်္သာတ ဇွန် ၆**

ရှာဖွေကယ်ဆယ်ရေး မွမ်းမံသင်တန်း(၁/၂၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ဟင်္သာတမြို့ လယ်တီကွင်းရပ်ကွက်ရှိ ခရိုင်မီးသတ်ဦးစီးဌာနရုံး အစည်းဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး ဦးစိုးနောင်က ရှာဖွေကယ်ဆယ်ရေး မွမ်းမံသင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် သင်တန်းတွင် သင်ကြားပေးမည့်ဘာသာရပ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဟင်္သာတခရိုင်အတွင်းရှိ မြို့နယ်များမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ၊ ပရဟိတ ဆောင်ရွက်နေကြသော လူမှုရေးအသင်းအဖွဲ့များမှ သင်တန်းသား စုစုပေါင်း ၃၅ ဦးတို့ကို အခြေခံကြိုးချည်နည်း ရေပြင်သက်ကယ်နည်း၊ မြေပြင်သက်ကယ်နည်း၊ အထပ်မြင့်အဆောက်အအုံများမှ လူနာသယ်ဆောင်နည်း၊ ရေတွင်းအသက်ကယ်နည်း၊ လျှပ်စစ်သင်ဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးနှင့် အခြားသဘာဝဘေးများ ကြုံတွေ့လာပါက အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ကူညီနိုင်ရေးနည်းစနစ်များကို ငါးရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုဇော်-ဟင်္သာတ**



# တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား သတ်မှတ်ရက်တိုးမြှင့် ဖိတ်ခေါ်ခြင်း

ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့်လည်းကောင်း၊ ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း၊ သွားလာမှုခက်ခဲခြင်းကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှကင်းကွာခဲ့သော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်ကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏သဘောဆန္ဒအလျောက် မိမိတို့နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာမြို့နယ် ပညာရေးမှူးရုံးသို့ဖြစ်စေ ၃၁-၅-၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ဖိတ်ခေါ်ခဲ့ရာ ဆရာ ဆရာမ ၂၄၈၂ ဦး ဆက်သွယ်သတင်းပို့ခဲ့ပါသည်။

ဆက်သွယ်သတင်းပို့ရန် ဆန္ဒရှိပါသော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသောအခက်အခဲများကြောင့် သတ်မှတ်ရက်အတွင်း သတင်းပို့နိုင်ခြင်းမရှိသော ဆရာ ဆရာမများအတွက် သတင်းပို့ဆက်သွယ်ရမည့်ရက်ကို (၇-၆-၂၀၂၂) ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကျောက်ဖြူပညာရေးဒီဂရီကောလိပ်သို့သွားရောက်ကြည့်ရှုစစ်ဆေး

## အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုကို ကြည့်ရှုအားပေး



**နေပြည်တော် ဇွန် ၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ကျောက်ဖြူပညာရေး ဒီဂရီကောလိပ်သို့ရောက်ရှိပြီး ကျောက်ဖြူပညာရေးဒီဂရီကောလိပ်၏ ဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်မည့်အခြေအနေများ၊ အဆောက်အအုံနေရာချထားမှုပုံစံများ၊ မူလအဆောက်အအုံများကို ပြင်ဆင်ထိန်းသိမ်းဆောင်ရွက်ရန်အခြေအနေများ၊ ဖျက်သိမ်းမည့်အန္တရာယ်ဆောင်အခြေအနေများ၊ လက်ရှိမြေနေရာအနေအထားနှင့် တိုးချဲ့အဆောက်အအုံဆောက်လုပ်နိုင်မည့်အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ကျောက်ဖြူမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုနှင့် အသက် ငါးနှစ်မှ ၁၂ နှစ်အထိ ကျောင်းသား ကျောင်းသူများ ကျောင်းအခြေပြု ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဖြူမြို့နယ်ရှိ စေတီတောင်မူလတန်းလွန်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲ(မြို့မ)၊ အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ကညင်တော(မြို့)၊ အခြေခံပညာမူလတန်းလွန်ကျောင်း (ပြင်ဖြူမော်)၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များ ညီညီညွတ်ညွတ်ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြစေလိုကြောင်း၊ သင်ကြားရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း မှာကြားကာ ကျောင်းများအတွက် လိုအပ်သည့် ကျောင်းဆောင်များ၊ စာသင်ခန်းများ၊ ကွန်ကရစ်လမ်းများ၊ ကျောင်းအုတ်တံတိုင်းများ၊ စာသင်ခုံများ၊ ရေနှင့် ရေသန့်စက်စသည့်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒဂုံတက္ကသိုလ်၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ဟောပြောပွဲကျင်းပ

**ရန်ကုန် ဇွန် ၆**

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ရန်ကုန်မြို့ ဒဂုံမြို့သစ်မြို့နယ် ဒဂုံတက္ကသိုလ်၌ ယနေ့ညနေပိုင်းတွင် ကျင်းပသည်။

ဟောပြောပွဲတွင် ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယပါမောက္ခချုပ် ဒေါက်တာမျိုးမင်းက "ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရူပဗေဒဌာနမှ ပါမောက္ခဒေါက်တာဒေါ်ရီရီသူက "ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးမနေ့းဆောင်ရွက်ပေး"ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဒဂုံတက္ကသိုလ်ဝင်းအတွင်း သီးပင်စားပင်နှစ်မျိုးအပါအဝင် မျိုးစိတ် ၁၀ မျိုးမှ ပျိုးပင် ၁၀၀၀ ကို ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများက ဇွန်လအတွင်း စိုက်ပျိုးသွားမည်ဖြစ်သည်။

သတင်း - ညိမ်းသူ ( သတင်းစဉ် )
ဓာတ်ပုံ - ကနူး

# သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ ထောက်ပံ့ခြင်းအခမ်းအနား ကျင်းပ

**စစ်ကိုင်း ဇွန် ၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲနှင့် ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့သော ပထမနှစ် ကျောင်းသား ကျောင်းသူများအတွက် ပုံနှိပ်စာအုပ်များ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဇွန် ၂ ရက်တွင် ကျင်းပသည်။

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာမို့မို့ရီက ကြိုဆိုနှုတ်ခွန်းဆက်သြဝါဒအမှာစကားပြောကြားသည်။ ဆက်လက်၍ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ် (စီမံ)၊ သင်ကြား/စီမံ ဌာနမှူးများ၊ ပထမနှစ် သင်ကြားပေးမည့် ဆရာ ဆရာမများနှင့် မောင်မယ်သစ်လွင်ကျောင်းသား ကျောင်းသူများအား မိတ်ဆက်ပေးခြင်း၊ သင်တန်းရေးရာဌာနမှူးက သင်တန်းရေးရာဌာန၏ လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထောက်ပံ့ပေးအပ်သည့် ပထမနှစ် ကျောင်းသား ကျောင်းသူ မောင်မယ်သစ်လွင် ၂၀၂ ဦးအတွက် ငွေကျပ် ၁၀၂၃၀၀၀၀ တန်ဖိုးရှိသည့် ပုံနှိပ်စာအုပ်များကို ပြည်ထောင်စုဝန်ကြီးကိုယ်စား ပါမောက္ခချုပ်က အတန်းကိုယ်စားလှယ်ကျောင်းသား ကျောင်းသူများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

**သတင်းစဉ်**



သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပကြည်နူးရ၏

# ၁-၆-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၅) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ အမေး၊ အဖြေများ

(ယမန်နေ့မှအဆက်)

**Myanmar Hard Talk သတင်းဌာနမှ သတင်းထောက် ဥက္ကာ** က ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးဆောင်ရွက်မှုများတွင် မည်သို့သောစိန်ခေါ်မှုများကို တွေ့ရှိရသည်၊ မည်သို့ကျော်ဖြတ်နေရသည်ကို သိလိုကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ သိလိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ကျောင်းသားများကိုထောက်ပံ့နေသည်မှာ အင်မတန်ဝမ်းသာဖို့ကောင်းပါကြောင်း၊ ထိုထောက်ပံ့မှုသည် ယခု ပထမနှစ်အစမှာသာ ထောက်ပံ့သွားမည်လား၊ ကျောင်းသားများ အခက်အခဲဖြစ်လေ့ဖြစ်ထရှိသည့် နှစ်ဝက်လိုအချိန်မျိုးတွင်လည်း ထောက်ပံ့သွားရန်ရှိပါသလား၊ ပညာရေးထောက်ပံ့မှုများကို အရပ်ဘက်အဖွဲ့အစည်းများနှင့်ပေါင်းပြီး မည်သို့ချိတ်ဆက်၍ လုပ်ဆောင်ရန်ရှိသည်ကို သိလိုကြောင်း၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့်ပတ်သက်၍ အကြမ်းဖက်မှုများက ရှိနေဆဲဖြစ်ကြောင်း။

ထိုအကြမ်းဖက်မှုများအပေါ်တွင် PDF၊ NUG တို့ဘက်ကလည်း ဝါဒဖြန့်သည့်အနေဖြင့် ၎င်းတို့နိုင်နေပြီ တပ်မတော်ကျရှုံးတော့မည်ဟုပြောကြောင်း၊ ထိုအပေါ်တွင် မည်သို့ ပြန်လည်ဖြေကြားပေးနိုင်မည်ကို သိလိုကြောင်း၊ သံတမန်ရေးနှင့်ပတ်သက်၍ သံတမန်ရေးဆောင်ရွက်နေသည့် ကိစ္စအပေါ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သို့သော အခက်အခဲစိန်ခေါ်မှုများရှိသည်၊ မည်သို့ဆောင်ရွက်နေသည်ကို သိလိုကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆယ်နှစ်တာကာလအတွင်း သင်ခန်းစာယူရမည့်အကြောင်းအရာများကို မိမိပြောခဲ့ပြီးဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ စိန်ခေါ်မှုမှာ ယေဘုယျအားဖြင့် နှစ်မျိုးရှိကြောင်း၊ ထိုနှစ်မျိုးမှာ External Factors နှင့် Internal Factors ဆိုသည့် ပြည်တွင်း၊ ပြည်ပမှလာသည့်အကြောင်းအရာနှစ်မျိုးဖြစ်ကြောင်း၊ ပြည်တွင်းနှင့်ပတ်သက်၍ မိမိတို့ရင်ဆိုင်ရသည့် အဓိကစိန်ခေါ်မှုကို ယခင်သတင်းစာရှင်းလင်းပွဲတွင်လည်း မိမိပြောခဲ့ပြီးဖြစ်ကြောင်း၊ မိမိပြောခဲ့သည်မှာ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍လည်း အောင်မြင်မည်ဟု မိမိယုံကြည်ကြောင်း၊ အောင်မြင်မည်ဟု ယုံကြည်သည်မှာ မိမိတို့တွင် အချက်လေးချက် ရှိခြင်းကြောင့်ဖြစ်ကြောင်း။

နံပါတ်တစ်အနေဖြင့် အတွေ့အကြုံနှင့်ပတ်သက်၍ မိမိတို့တွင်ရှိကြောင်း၊ နံပါတ်နှစ်အနေဖြင့် ပေးလာသည့်အချိန်အခါနှင့်ပတ်သက်၍ လုပ်နည်းများ၊ လုပ်နိုင်ခြင်း၊ ဆောင်ရွက်နိုင်ခြင်းများ မိမိတို့တွင်ရှိကြောင်း၊ အချိန်ကာလအားဖြင့် မိမိတို့ဘက်တွင်ရှိကြောင်းကို ပြောခဲ့ကြောင်း၊ အဓိက မိမိတို့ ထပ်မံဖြည့်ဆည်းရမည်မှာ ပြည်သူလူထု၏ ပါဝင်မှုနှင့်ပတ်သက်၍ဖြစ်ကြောင်း၊ ယခုနောက်ပိုင်းတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ထောက်ခံခြင်းများတွင် ပြည်သူလူထုပါဝင်လာမှု မြင့်တက်လာသည်များရှိကြောင်း။

သို့သော် ပြည်တွင်း၌ အဓိကကြုံတွေ့ရသည့် အခက်အခဲမှာ နံပါတ်တစ်အချက်အနေဖြင့် တချို့တိုက်ရိုက်ပါဝင်ပတ်သက်သူများကိုယ်တိုင် သိလျက်နှင့် မသိချင်ယောင်ဆောင်ခြင်း၊ နံပါတ်နှစ်အချက်အနေဖြင့် မကြားချင်ယောင်ဆောင်ခြင်းဖြစ်ကြောင်း၊ မသိချင်ယောင်ဆောင်ခြင်းနှင့် တိုက်ရိုက်ပါဝင်ပတ်သက်သူများ ကိုယ်တိုင် မကြားချင်ယောင်ဆောင်ခြင်းမှာ အဓိကအခက်အခဲဖြစ်ကြောင်း၊ မိမိဆိုလိုသည်ကို ထပ်ရှင်းအောင်ပြောရမည်ဆိုလျှင် တိုက်ရိုက် ပါဝင်ပတ်သက်သည့်သူဆိုသည်မှာ ငြိမ်းချမ်းရေးမှာ ပါဝင်ပတ်သက်သည့်သူအားလုံးထက် ပိုပြီးပါဝင်ပတ်သက်သည့်သူ မည်သူရှိမည်လဲဟု ယခင်သတင်းစာရှင်းလင်းပွဲတွင် မိမိပြောခဲ့ပါကြောင်း၊ အချို့နေရာများတွင် ယခင်ကတည်းကတိုင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် အနိမ့်အမြင့် အတက်အကျများရှိခဲ့သကဲ့သို့ အချို့နေရာများတွင် EAO အဖွဲ့အစည်းများကိုယ်တိုင်က ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ တောင်းဆိုထားသည့် အချက်အလက်များရှိကြောင်း၊ တောင်းဆိုထားသည့် အချက်အလက်ဆိုသည်မှာ ဥပမာ NCA စာချုပ်ဖြစ်ပေါ်လာရန်အတွက် လိုင်ဇာ၊ KIA ၌ အခြေခံခဲ့ကြောင်း၊ NCA စာချုပ်ကို ထပ်မံအဆင့်မြှင့်တင်ခြင်းများ၊ NCA စာချုပ် အတည်ပြုခြင်းများကို လော်ခီးလာ၊ KNU တွင် အတည်ပြုခဲ့ကြောင်း။

ယခု ငြိမ်းချမ်းရေးဆွေးနွေးရာတွင် KNU ၊ KIA မပါကြောင်း၊ မိမိတို့ဆွေးနွေးနေသည်များမှာ ၎င်းတို့ရေးဆွဲခဲ့သည့်အတိုင်း ဆွေးနွေးနေခြင်းဖြစ်သော်လည်း ၎င်းတို့မပါသည်မှာ မသိချင်ယောင်ဆောင်ခြင်းပင်ဖြစ်ကြောင်း၊ မကြားချင်ယောင်ဆောင်ခြင်းဆိုသည်မှာ ငြိမ်းချမ်းရေးဆွေးနွေးရန်အတွက် ဖိတ်ခေါ်ခဲ့ကြောင်း၊ အချို့အဖွဲ့များတွင် ပေါ်ပေါ်တင်တင်မတက်ဘူးဆို၍ ထုတ်ပြန်ခဲ့ကြောင်း၊ အချို့အဖွဲ့များမှာ တက်မည်ဟုလည်း မပြောကြောင်း၊ မတက်ဘူးဟူ၍လည်း မပြောသည့်အတွက် မကြားချင်ယောင်ဆောင်ခြင်းဖြစ်ကြောင်း၊ ယင်းသည် မိမိတို့အတွက် အဓိကအခက်အခဲဖြစ်ကြောင်း၊ မိမိတို့ပြည်သူလူထုမီဒီယာများနှင့် လုပ်ရမည်မှာ မသိချင်ယောင်ဆောင်သည့်သူများကို သိအောင် မိမိတို့က မျက်စိဖွင့်ရလိမ့်မည်ဖြစ်ကြောင်း၊ မကြားချင်ယောင်ဆောင်နေသည့်သူကို ကြားအောင် မိမိတို့ ပြောပေးရလိမ့်မည်ဖြစ်ကြောင်း။

ထိုကိစ္စများသည် မိမိတို့အစိုးရ၏တာဝန်ဖြစ်သကဲ့သို့ ပြည်သူလူထုအားလုံးကလည်း ပါဝင်ရန်အရေးကြီးကြောင်း၊ မည်သည့်အတွက်ကြောင့်ဆိုသော် မြန်မာနိုင်ငံ၏အဓိက အခက်အခဲပြဿနာများသည် ယင်းအပေါ်တွင် မူတည်နေခြင်းကြောင့်ဖြစ်ကြောင်း၊ နံပါတ်နှစ်အချက်သည် ပညာရေးဖြစ်ကြောင်း၊ ပညာရေးထောက်ပံ့မှုများနှင့် ပတ်သက်၍ အကြမ်းဖျင်းမူဝါဒပြောပြလိုကြောင်း၊ ပြဋ္ဌာန်းစာအုပ်များသည် မိမိတို့ငယ်ငယ်တုန်းကဆိုလျှင် အဟောင်းပြန်ကိုင်ရခြင်းများရှိကြောင်း၊ သက်သာသည့်ဈေးနှုန်းနှင့် ဝယ်ရသည်များရှိကြောင်း၊ ယခုအချိန်တွင် ကျောင်းသား ကျောင်းသူအားလုံးကို ပညာရေးဝန်ကြီးဌာန နိုင်ငံတော်အစိုးရအနေဖြင့် ပြဋ္ဌာန်းစာအုပ်အသစ်ကိုသာ ကိုင်ခိုင်းကြောင်း၊ ထိုသို့စာအုပ်အသစ်ကိုင်နိုင်ရန်အတွက် နှစ်စဉ်နှစ်တိုင်း ပုံနှိပ်ကြောင်း၊ နှစ်စဉ်နှစ်တိုင်း ပို့ဆောင်ရကြောင်း၊ ထိုအရာများကို အကြမ်းဖက်သမားများက ဖျက်ဆီးနေခြင်းဖြစ်ကြောင်း၊ မီးရှို့ဖျက်ဆီးခြင်းများ၊ ပိုက်ဆံကောက်ခြင်းများရှိကြောင်း၊ မူလတန်းကလေးများဆိုလျှင် ကျောင်းဝတ်စုံကအစ ထောက်ပံ့ပေးသည့်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် မည်မျှအထိ ဂရုစိုက်သလဲဆိုလျှင် ကျောင်းဝတ်စုံများကို အရည်အသွေးမမီသည်များဖြစ်မည်စိုးသဖြင့် တပ်မတော်အထည်ချုပ်စက်ရုံများမှ ကျောင်းဝတ်စုံများကို အဆင့်မီမီရက်လုပ်ပေးနိုင်ရန်၊ ချုပ်လုပ်ပေးနိုင်ရန် အလေးထားလုပ်ဆောင်လျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများကိုထောက်ပံ့သည်မှာ တပ်မတော်တွင် မူဝါဒတစ်ခုအဖြစ်ရှိကြောင်း။

တပ်မတော်တွင် မည်ကဲ့သို့ထောက်ပံ့သလဲဆိုလျှင် နှစ်အစတွင် တစ်ခါ၊ နှစ်ဝက်တွင် တစ်ခါ ထောက်ပံ့ကြောင်း၊ နှစ်ဝက်တွင် ထောက်ပံ့သည့်အခါတွင်လည်း လိုအပ်မည့် ကျောင်းသုံးဗလာစာအုပ်ကဲ့သို့ ကျောင်းသုံးပစ္စည်းများ၊ တတ်နိုင်သည့်နေရာများတွင် ကျောင်းဝတ်စုံများပါ ထောက်ပံ့ကြောင်း၊ အနည်းဆုံး ကျောင်းသုံးဗလာစာအုပ်၊ ခဲတံ၊ အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးခြင်းများရှိကြောင်း၊ သတင်းထောက်ကြီးအနေဖြင့် ယခုလို ကျောင်းသားများအတွက် မေးမြန်းပေးသည့်အတွက် မိမိတို့အနေဖြင့်လည်း ကျေးဇူးတင်ပါကြောင်း၊ ယခုပြောသည့်ကိစ္စများကို မိမိဆက်လက်သတင်းပို့ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က ဗိုလ်ချုပ်ပြောကြားသွားခဲ့သကဲ့သို့ ကျောင်းသားများအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံ၊ ဘောပင်များ တစ်နှစ်စာ အကြမ်းဖျင်းလုံလောက်မှုရှိပါကြောင်း၊ ကျန်သည့် ထောက်ပံ့မှုအနေဖြင့် ပညာသင်ထောက်ပံ့ကြေးကို မြို့နယ်အလိုက် စိစစ်ပြီးတင်ပြလာသည့်အခါ မိမိတို့ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပအလှူရှင်များကလည်း ၎င်းတို့တွင်ရှိသည့် Budget များနှင့် မိမိတို့က သက်ဆိုင်ရာဒေသများ၌ လိုက်လံထောက်ပံ့ပေးလျက်ရှိကြောင်း ဖြည့်စွက်ဖြေကြားသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ PDF၊ NUG တို့က ၎င်းတို့နိုင်နေပြီဆိုတာမျိုးသည် ယခင်ကတည်းက ပြောနေခြင်းဖြစ်ကြောင်း၊ မိမိအမြင်သည် မိမိတို့အစိုးရ၏ မူဝါဒအတိုင်းဖြစ်ကြောင်း၊ မိမိတို့အစိုးရ၏ မူဝါဒဆိုသည်မှာလည်း တပ်မတော်၏မူဝါဒသာဖြစ်ကြောင်း၊ တပ်မတော်သတင်းစာရှင်းလင်းပွဲများတွင်လည်း မိမိခဏခဏ ပြောကြောင်း၊ EAO နှင့် မိမိတို့ တိုက်ပွဲဖြစ်သည်ဖြစ်စေ၊ မိမိတို့မြန်မာနိုင်ငံသားအချင်းချင်း တိုက်ပွဲဖြစ်သည်ဖြစ်စေ၊ မည်သို့ပင်ဖြစ်စေ သေရသည်မှာ မိမိတို့၏ မြန်မာနိုင်ငံသားသာဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးမှုများကို မဖြစ်ပေါ်စေလိုကြောင်း၊ သို့သော် မိမိတို့အနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို တိုက်ခိုက်လာလျှင် အကြမ်းဖက်သမားအဖြစ်သတ်မှတ်ပြီး လိုအပ်သည့် လုပ်ဆောင်မှုများကို လုပ်ရမည်ဖြစ်ကြောင်း၊ တစ်နေ့က ဝါဒဖြန့်သည့်ရုပ်ရှင်ကားတစ်ကား ကြည့်လိုက်ပါကြောင်း၊ ထိုအထဲတွင်၎င်းတို့က "အရှုံးမပေးမချင်း ငါတို့နိုင်တယ်"ဆိုသည့် ဝါဒမျိုးကို ရိုက်သွင်းထားကြောင်း၊ မိမိတို့က မည်သည်ကို သွားအမှတ်ရသလဲဆိုလျှင် ဗကပခေတ်က တပ်နီများကိုသွင်းပေးထားသော စကားဖြစ်သည့် တိုက်ရဲရမည်၊ သေရဲရမည်၊ သတ်ရဲရမည်ဆိုသည့်စကားကို သွားသတိရကြောင်း၊ တိုက်ရဲရမည်၊ သေရဲရမည်၊ သတ်ရဲရမည်ဆို၍ မည်သို့ဖြစ်ကုန်ကြသည်ဆိုသည်ကိုလည်း လက်တွေ့မျက်မြင်ပင်ဖြစ်ကြောင်း၊ အားလုံးထိခိုက်နစ်နာကြောင်း။

ထိုသို့ဖြစ်သည့်အတွက်ကြောင့် ယခုကဲ့သို့ PDF များ ယခုအချိန်အထိ ရှိနေသေးသည်ဆိုသည့် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆင်စွယ်ရွာလူသတ်မှုကဲ့သို့ ပြည်သူလူထုနစ်နာခဲ့ရမှုများရှိကြောင်း၊ နောက်ဆုံးသတ်စရာမရှိ၍ အချင်းချင်းသတ်ခဲ့သည်များလည်းရှိကြောင်း၊ ပဲခူးရိုးမပေါ်မှ ဖြုတ်၊ ထုတ်၊ သတ် လုပ်ငန်းစဉ်ဆိုသည့် အချင်းချင်းသတ်ခဲ့သည်များလည်းရှိကြောင်း၊ မိမိပြောလိုသည်မှာ နားထောင်ကောင်းသည့် စကားလုံးတိုင်းသည် စား၍ကောင်းသည့် စကားလုံးမဟုတ်ကြောင်း၊ နားထောင်၍ကောင်းသော်လည်း အဆိပ်သင့်သည့်အရာများ အများကြီးရှိသည်ဟု မိမိပြောလိုကြောင်း၊ နားထဲတွင်နားထောင်၍ ကောင်းပါလိမ့်မည်၊ သို့သော် ရင်ထဲတွင် အဆိပ်သင့်ပါလိမ့်မည်၊ ထိုအရာများသည် ပြောမည်ဆိုလျှင် အများကြီးရှိကြောင်း၊ ဥပမာ တပ်နီခေတ်တွင် တရုတ်ပြည်၌ ၎င်းတို့ပြောခဲ့သည့် "တော်လှန်ရေးကို **စာမျက်နှာ ၁၁ သို့** ❑




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ (၁၅)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

❏ စာမျက်နှာ ၁၀ မှ

သင်ယူခြင်းဖြင့် တော်လှန်ကြ” ဆိုသည့်ဆောင်ပုဒ်သည် တော်တော်လေးကို ခေတ်စားခဲ့ကြောင်း၊ နောက်ဆုံး “တော်လှန်ရေးကို သင်ယူခြင်းဖြင့် တော်လှန်ကြ” ဆိုသည့် ဆောင်ပုဒ်ကို လက်တွေ့ကျင့်သုံးလိုက်သည့်အခါတွင် စာသင်ခန်း များပိတ်ပြီး တစ်မျိုးသားလုံး အောက်ကျ၊ နောက်ကျ နှစ်ပေါင်းများစွာခံခဲ့ရသည်ဆိုပြီး သုံးသပ်ချက် ထုတ်ထားပါကြောင်း၊ နောင်တစ်ချိန်တွင် သမိုင်းကစကားပြောလိမ့်မည်ဖြစ်ကြောင်း၊ အရှုံးမပေးမချင်း ငါတို့နိုင်သည်ဆိုသည့်အရာသည် နားထောင်ရာတွင် နားထောင်၍ ကောင်းချင်ကောင်းပါလိမ့်မည်၊ ဦးနှောက်နှင့် နှလုံးသားထဲတွင် အကုန်လုံးအဆိပ်သင့်သည့် စကားလုံးမျိုးဖြစ်သည်ဟု မိမိပြောလိုကြောင်း၊ သံတမန်ရေးရာဆောင်ရွက်မှုအနေနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ယခင်သတင်းစာရှင်းလင်းပွဲတွင် ကျယ်ကျယ်ပြန့်ပြန့် ပြောပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံဖြစ်ကြောင်း၊ အချုပ်အခြာအာဏာပိုင်သည့် အစိုးရအုပ်ချုပ်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း။

မိမိတို့အနေဖြင့် တခြားနိုင်ငံများကို တန်းတူရည်တူဆက်ဆံသကဲ့သို့ ကျန်သည့် နိုင်ငံများကလည်း မိမိတို့နိုင်ငံကို အဆင့်တူဆက်ဆံလာကြကြောင်း၊ ထိုသို့မဟုတ်ဘဲ တခြားနည်းလမ်းတစ်ခုနှင့် တစ်မျိုးမျိုး တစ်ဖုံဖုံဆက်ဆံလာမည်ဆိုလျှင် မိမိတို့အနေဖြင့် တူညီသည့်တုံ့ပြန်မှုမျိုးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မည်သို့ပင်ဖြစ်စေ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိဂုဏ်သိက္ခာ၊ မိမိအစိုးရ၏ ဂုဏ်သိက္ခာအတွက် နိုင်ငံခြားဆက်ဆံမှုရေးရာတွင်လည်း အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**People Media မှ သတင်းထောက် ဦးကျော်စိုးဦး**က NLD အမတ်ဟောင်း ဖြိုးဇေယျာသော်နှင့် ၈၈/ ပွင့်လင်းမှ ကိုဂျင်မီတို့အပါအဝင် အကြမ်းဖက်မှုများကို ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများကို နိုင်ငံတော်က သေဒဏ်အမိန့်ချမှတ်ထားသည်ရှိကြောင်း၊ အဆိုပါသေဒဏ်အား နိုင်ငံတော်အနေဖြင့် ကျင့်သုံးမည်လား သို့မဟုတ် သက်ညှာစွာဆောင်ရွက်သွားမည်လား သိလိုကြောင်းမေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က တရားဥပဒေနှင့် ပတ်သက်ပြီး တရားစီရင်မှုတွင် တရားစီရင်မှု၏ သဘောတရားဆိုတာရှိကြောင်း၊ တရားစီရင်မှုတွင် အခွင့်အရေးနှင့် တာဝန်ရှိမှုကို ဖော်ထုတ်ခြင်းဖြစ်ကြောင်း၊ အခွင့်အရေးနှင့် တာဝန်ရှိမှုတွင် တရားမမှုမှာသာမက ရာဇဝတ်မှုတွင်လည်းရှိကြောင်း၊ အခွင့်အရေးဆိုသည်မှာ အသတ်ခံရလျှင် အသတ်ခံရသူတွင်လည်း အခွင့်အရေးရှိကြောင်း၊ အလုပ်ခံရလျှင် အလုပ်ခံရသူတွင်လည်း အခွင့်အရေးရှိကြောင်း၊ တာဝန်ရှိမှုဆိုသည်မှာ ထိုသို့လုပ်ဆောင်ခဲ့သူက မည်သို့တာဝန်ရှိသည်ဆိုသည်ကို ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း၊ ထိုသို့ဆုံးဖြတ်ရာတွင် အချက်အလက်အပေါ် အမှီပြုရကြောင်း၊ ရာဇဝတ်မှုများနှင့်ပတ်သက်ပြီး ရာဇသတ်ကြီးဆိုသည်မှာ မင်း၏အမိန့်ကိုဆန့်ကျင်သူအား အရေးယူအပြစ်ပေးခြင်းဖြစ်ကြောင်း၊ ရာဇသတ်ကြီးကို ၁၈၆၁ ခုနှစ် မေ ၁ ရက်တွင် အာဏာတည်ခဲ့ပြီး ယနေ့အထိလည်း အာဏာတည်ကျင့်သုံးလျက်ရှိကြောင်း၊ ရာဇသတ်ကြီးသည် မည်သည့်အရပ်ဒေသတွင်ရှိနေသည့် ပြည်ထောင်စုနိုင်ငံသားကျူးလွန်သည့် ပြစ်မှုများအားလုံး သက်ဆိုင်ကြောင်း၊ ရာဇသတ်ကြီးထဲတွင် ထိုသို့ရေးလျှင် ထိုသို့လုပ်ပိုင်ခွင့်ရှိကြောင်း၊ လက်ရှိဖြစ်ပွားနေသည့်ဖြစ်ရပ်များသည် PDF အမည်ခံ အကြမ်းဖက်သမားများ၊ မြို့ပေါ်တွင်နေထိုင်သည့် အကြမ်းဖက်သမားများက ပြည်သူလူထုကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြကြောင်း၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့ကြောင်း၊ ယင်းကိုအားလုံးအသိပင် ဖြစ်ကြောင်း၊ ရည်ရွယ်ချက်ရှိရှိဖြင့် သတ်ဖြတ်ခြင်းများ

## ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ





လည်းရှိကြောင်း၊ ယင်းကိစ္စများနှင့်ပတ်သက်ပြီး သေဒဏ်ပေးမှု၊ မပေးမှုများနှင့်ပတ်သက်ပြီး ပြောလိုသည်မှာ မိမိတို့အစိုးရအနေဖြင့် ပြစ်မှုနှင့်ညီသည့် ပြစ်ဒဏ်ကိုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**Golden Hand News ဂျာနယ် အယ်ဒီတာချုပ် ဦးလှဆွေ**က မိမိမေးမြန်းသည့် မေးခွန်းသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပတ်သက်ကြောင်း၊ နေပြည်တော်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဌာနချုပ်တွင် အကြမ်းဖက်ဘေးရှောင်လူအင်အား ၂၃၀ ရောက်နေကြောင်း၊ ၎င်းတို့သည် တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးခုမှ ရောက်လာကြသူများဖြစ်ကြောင်း၊ ထိုအထဲတွင် ဝန်ထမ်း ၃၉ ဦးလည်းပါကြောင်း၊ အဆိုပါအဖွဲ့များသည် တစ်နှစ်နီးပါးရှိပြီဖြစ်ကြောင်း၊ သို့သော် ဒီနေ့အချိန်အထိ Focal Ministry ဖြစ်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လာရောက်ကြည့်ရှုခြင်း၊ ထောက်ပံ့ခြင်းများ မရှိကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှနှစ်ကြိမ် ထောက်ပံ့ထားကြောင်း၊ အလှူရှင်များထံမှ အလှူခံ၍ကျွေးနေရကြောင်း။

တကယ်တမ်းတာဝန်ရှိသည်မှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဟု မိမိအနေဖြင့်မြင်မိကြောင်း၊ အဆိုပါအဖွဲ့များအထဲတွင် ဝန်ထမ်း ၃၉ ဦး ပါဝင်ကြောင်း၊ ယင်းဝန်ထမ်းများသည်လည်း သက်ဆိုင်ရာ DG၊ MD များကို သွားရောက်ပြောပြပြီး မိမိတို့ကို နေပြည်တော်ကောင်စီနယ်မြေအတွင်း မြို့နယ်ရှစ်မြို့နယ်ရှိ သက်ဆိုင်ရာရုံးများတွင် တွဲဖက်ပေးရန်၊ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခြင်းများ ဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ကြသော်လည်း ဝန်ထမ်းတချို့မှာရရှိပြီး တချို့မှာ မရရှိခဲ့ကြကြောင်း၊ မိမိဖြစ်စေလိုသည်မှာ တာဝန်ရှိသည့်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ထိုအကြမ်းဖက်ရှောင်သူများကို သွားရောက်တွေ့ဆုံပြီး လိုအပ်သည်များ မေးမြန်းစေလိုကြောင်း၊ ထို ၂၃၀ သောလူများသည် အားလုံးပြည်ခိုင်ဖြိုးပါတီဝင်များ မဟုတ်ကြောင်း၊ ပါတီဝင်သည် ၃၀ ရာခိုင်နှုန်းသာရှိပြီး ကျန်သူများသည် ကြားလူများဖြစ်ကြောင်း၊ သို့သော် အားလုံးသည် အသတ်ခံထားရသူများဖြစ်ကြောင်း၊ ငါးလောင်းပြိုင် အသတ်ခံထားရသူများ၏ မိသားစုများပါဝင်သလို တချို့မှာ မိဘနှစ်ပါးစလုံး အသတ်ခံရသဖြင့် မောင်နှမနှစ်ယောက်သာကျန်သူများလည်း ပါဝင်ကြောင်း၊ အသက် ၈၀ မှ မွေးကင်းစကလေးငယ်အရွယ်အထိ ပါဝင်ကြောင်း၊ အဆိုပါလူ ၂၃၀ အား Focal Ministry မှ တာဝန်ရှိသူများက လာရောက်တွေ့ဆုံပြီး ဝန်ကြီးဌာနများနှင့် ယင်းအဖွဲ့ထဲမှ ဝန်ထမ်းများနှင့် ဆက်သွယ်ဆောင်ရွက်ပေးခြင်းများ လုပ်ဆောင်ပေးစေလိုကြောင်း၊ အချို့ပင်စင်စားအငြိမ်းစားကြီးများဆိုလျှင် ပင်စင်မထုတ်ရသည်မှာ ၁၀ လရှိပြီဖြစ်ကြောင်း၊ ပင်စင်သည်တစ်နှစ်ကျော်၍ သတ်မှတ်ကာလ ကျော်လွန်သွားပါက ပြန်လျှောက်ရသည့် လုပ်ထုံးလုပ်နည်းများရှိကြောင်း၊ ၎င်းတို့အနေဖြင့် မိမိတို့ပင်စင်ကို နေပြည်တော်သို့ လွှဲပေးစေလို၍ တောင်းဆိုရာ တစ်ဖက်မြို့နယ်မှ လွှဲပေးခြင်းမရှိဟု သိရကြောင်း၊ ယင်းကိစ္စများအား ဝန်ကြီးဌာနအနေဖြင့် ပင်စင်ဦးစီးဌာနနှင့်ညှိနှိုင်း၍ လုပ်ဆောင်ပေးမည်ဆိုပါက အင်မတန်မှကောင်းမွန်ကြောင်း၊ ခိုးဝင်လာသည့် ဘင်္ဂါလီများအတွက် လစဉ် ဆန်၊ ဆီ၊ ဆား၊ ပဲ စသည်ဖြင့် ထောက်ပံ့နေသေးသည်ဟုသိရကြောင်း။

ယခုကဲ့သို့ နိုင်ငံသားများအကြမ်းဖက်ခံရ၍ ရောက်ရှိလာသည့် ပုဂ္ဂိုလ်များကို ပစ်မထားသင့်ဘူးဟု မိမိအနေဖြင့်ထင်မိကြောင်း၊ ယင်းသည် လတ်တလောကိစ္စဖြစ်ကြောင်း၊ ရေရှည်တွင် ထိုသူများသည် မိမိတို့နေရပ်သို့ပြန်ရန် အခက်အခဲများလည်းရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏နေအိမ်များ မီးရှို့ခံရခြင်း၊ မိသားစုဝင်များမှာလည်း အသတ်ခံရခြင်းများကြောင့်၎င်းတို့မှာအနာဂတ်ပျောက်ဆုံးနေသူများကဲ့သို့ ဖြစ်နေကြောင်း၊ ယခင်ကလည်း ယခုကဲ့သို့ဖြစ်စဉ်များရှိခဲ့ဖူးကြောင်း၊ သခင်စိုးကြီးခေတ်တွင် ကျောရွာမှ လူများအသတ်ခံရ၍ ထိုဒေသမှလူများကို ဂန့်ဂေါမြို့ပေါ်တွင် နေရာပေးထားပြီး ကျောတိုက်ရပ်ကွက်ဆိုပြီး ဖြစ်လာကြောင်း၊ အလားတူ ဗကပ သခင်သန်းထွန်းခေတ်က အလယ်ရိုးမ၌ ဖြုတ်၊ ထုတ်၊ သတ် လုပ်သည့်အခါ တောင်ပေါ် ၁၄ ရွာကိုရွှေ့၍ ဖဒိုနားတွင် ရွာတည်ပေးခဲ့ရာ လက်ရှိတွင် မြို့ဖြစ်နေပြီဖြစ်ကြောင်း။

ထို့အတူ လက်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးချုပ်တွင် လာရောက်နေထိုင်နေကြရသူများအတွက် နေပြည်တော်တွင် နေထိုင်ရန် မြေနေရာများ ချထားပေးနိုင်ခြင်း ရှိ/မရှိသိလိုကြောင်း၊ ၎င်းတို့သည် မိမိတို့ဘာသာ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်လိုကြကြောင်း၊ ယနေ့ငြိမ်းချမ်းလျှင် နောက်နေ့ မိမိတို့နေရပ်ကို ပြန်လိုသူများလည်းရှိကြောင်း၊ လက်ရှိအခြေအနေတွင် မပြန်နိုင်ဖြစ်နေကြကြောင်း၊ မိမိတို့လွှတ်တော်ကိုယ်စားလှယ် တာဝန်ထမ်းဆောင်စဉ်ကာလတွင် မိမိကိုယ်စားပြုသည့် နယ်မြေတွင် မီးလောင်မှုဖြစ်ပွားရာ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးကိုပြောပြရာ ဝန်ကြီးက ကယ်ဆယ်ရေးပစ္စည်းခြောက်မျိုး၊ စောင်၊ ဒန်အိုးတို့ ချက်ချင်းပို့ပေးခဲ့ကြောင်း၊ လက်ရှိတွင် တစ်နှစ်ခန့်ရှိသော်လည်း ရေတိုစီမံကိန်း၊ ရေရှည်စီမံကိန်းတို့ဆောင်ရွက်ပေးခြင်းမျိုးမရှိသေးကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယခုလိုပြောကြားပေးခြင်းအပေါ် ကျေးဇူးတင်ရှိကြောင်း၊ သို့မှသာ မိမိတို့အနေဖြင့် လုပ်ဆောင်ပေးရမည့်ကိစ္စများကို ဆက်လက်ညှိနှိုင်းဆောင်ရွက်ပေး၍ရမည် ဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနကိုလည်း အသိပေးပြီး အမြန်ဆုံး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ပင်စင်စားဝန်ထမ်းများနှင့်ပတ်သက်ပြီး ၎င်းတို့၏အမည်စာရင်းများနှင့် ဘဏ်ခွဲအမည်စာရင်း မိမိအားပေးစေလိုကြောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆက်လက်ပေးပို့သွားပြီး သက်ဆိုင်ရာ ဘဏ်ခွဲများတွင် ၎င်းတို့၏ ပင်စင်လစာများထုတ်ယူနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့တွင်လည်း ယင်းကိစ္စများနှင့်ပတ်သက်၍ မူဝါဒများ ချမှတ်ထားပြီးဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်၊ ယာယီတိုက်ပွဲရှောင်များနှင့် ပတ်သက်ပြီး မူဝါဒရှိပြီးဖြစ်ကြောင်း၊ ဦးစားပေးအနေဖြင့် မိမိဒေသကို မိမိပြန်လိုသည့် လူ၊ မိမိဒေသကို မပြန်လိုဘဲ နေရပ်အသစ်တွင် အခြေချနေထိုင်လိုသူများအတွက် ဝန်ကြီးဌာနများတွင် မူဝါဒများရှိပြီးဖြစ်ကြောင်း၊ အသေးစိတ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ရှင်းပြမည်ဖြစ်ကြောင်း၊ ယင်းမူဝါဒများတွင်လည်း အကျုံးဝင်ခြင်းကြောင့်မိမိအနေဖြင့်အဆင့်ဆင့်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး**က မိမိတို့ဝန်ကြီးဌာနအနေဖြင့် အဓိကအားဖြင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး ထောက်ပံ့ခြင်းများ ဆောင်ရွက်နေကြောင်း၊ လတ်တလောဖြစ်ပွားနေသည့် ဖြစ်စဉ်များနှင့်ပတ်သက်ပြီး မိမိတို့ဝန်ကြီးဌာနမှ သဘာဝဘေးဖြစ်စဉ်များတွင် ထောက်ပံ့သည့်ပုံစံဖြင့် ထောက်ပံ့လျက်ရှိကြောင်း၊ ထိုသို့ထောက်ပံ့ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရမှရရှိသည့် သတင်းအချက်အလက်များအပေါ် အခြေခံပြီး ထောက်ပံ့ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့အပြင် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ ဖြစ်စဉ်အပေါ်စိစစ်ပြီး မိမိတို့ကိုသတင်းအချက်အလက်ပေးကြောင်း။

ယင်းအချက်အလက်အပေါ် စိစစ်ပြီးဆောင်ရွက်နေကြောင်း၊ မိမိတို့ ဝန်ကြီးဌာနမှ ထောက်ပံ့ခဲ့သည့် အခြေအနေများကို တင်ပြရလျှင် လတ်တလော အကြမ်းဖက်ဖြစ်စဉ်များကြောင့် ၂၀၂၁ ခုနှစ်၊ မေလမှ ၂၀၂၂ ခုနှစ် မေလ ၂၇ ရက်နေ့အထိ တိုင်းဒေသကြီး/ ပြည်နယ် ၁၁ ခုတွင် တိမ်းရှောင်အိမ်ထောင်စု ၂၂၀၀၀ ကျော်ရှိပြီး လူဦးရေ ၁၃၀၀၀၀ ကျော်ကို ထောက်ပံ့ထားပြီးဖြစ်ကြောင်း၊ ဖြစ်စဉ်ကြောင့်သေဆုံးသူ ၂၄၃ ဦးရှိပြီး ဒဏ်ရာရရှိသူ ၁၅၄ ဦးရှိကြောင်း၊ မီးလောင်ပျက်စီးသွားသည့် ဘာသာရေးကျောင်း ငါးကျောင်း၊ နေအိမ် ၁၂၅၅ လုံးအတွက်ကိုလည်း ထောက်ပံ့ထားကြောင်း၊ ထောက်ပံ့ရာတွင် တိမ်းရှောင်သူများအတွက် ဆန်/ရိက္ခာ အနည်းဆုံး ခုနစ်ရက်စာ ထောက်ပံ့ပေးကြောင်း၊ သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများအတွက် ငွေကြေးထောက်ပံ့ကြောင်း၊ ပျက်စီးသွားသည့် နေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းများနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ကြောင်း၊ ထိုသို့ထောက်ပံ့မှုအနေဖြင့် တစ်နှစ်အတွင်း ကျပ်သန်းပေါင်း ၅၈၈ သိန်းကျော် ထောက်ပံ့ထားကြောင်း၊ နေပြည်တော်အတွက် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၀ ရက်မှ ၂၀ ရက်အတွင်း နေပြည်တော်ကိုရောက်ရှိလာသည့် ကယားပြည်နယ်အပါအဝင် အခြားဒေသများမှ တိမ်းရှောင်ရောက်ရှိလာသည့် အိမ်ထောင်စု ၁၃၆ စု၊ လူဦးရေ၅၃၆ ဦးအတွက် စားနပ်ရိက္ခာတစ်လစာနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် ထောက်ပံ့ပေးထားကြောင်း၊ မိမိတို့ထောက်ပံ့ပေးထားသည့်အထဲတွင် ပါဝင်ခြင်းမရှိသေးပါက ဆက်လက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဖြည့်စွက်ဖြေကြားသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၇ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၆-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၅-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၆-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၉၆၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၂၄၂,၂၃၁) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၃,၃၈၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၃၅၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိသေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုအစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၆-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၅၈) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၃) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၉၉) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၆၁) ခု | (၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၉၆) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၅၄၄) ခု | (၁) ဦး |
| စုစုပေါင်း | (၆,၉၆၁) ခု | (၅) ဦး |

အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ **www. moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၆၅၂၂၅၆၁ | ၈၂၅၈၄၅၃၁ | ၁၀၃၃၅၉၁ |
| ၂။ | အိန္ဒိယ | ၄၃၁၈၁၃၃၅ | ၄၂၆၃၀၈၅၂ | ၅၂၄၇၀၁ |
| ၃။ | ဘရာဇီး | ၃၁၁၅၃၇၆၅ | ၃၀၀၆၃၆၈၂ | ၆၆၇၀၅၆ |
| ၄။ | ပြင်သစ် | ၂၉၆၄၁၆၀၆ | ၂၉၀၄၁၁၁၈ | ၁၄၈၄၆၄ |
| ၅။ | ဂျာမနီ | ၂၆၅၄၀၈၅၂ | ၂၅၆၂၄၁၀၀ | ၁၃၉၇၄၈ |
| ၆။ | ဗြိတိန် | ၂၂၃၀၅၈၉၃ | ၂၁၉၈၁၃၇၀ | ၁၇၈၇၄၉ |
| ၇။ | ရုရှား | ၁၈၃၅၅၂၀၀ | ၁၇၇၆၇၇၅၃ | ၃၇၉၅၈၄ |
| ၈။ | တောင်ကိုရီးယား | ၁၈၁၆၈၇၀၈ | ၁၇၈၆၅၅၉၁ | ၂၄၂၇၉ |
| ၉။ | အီတလီ | ၁၇၅၀၅၉၇၃ | ၁၆၆၉၇၅၉၇ | ၁၆၆၉၄၉ |
| ၁၀။ | တူရကီ | ၁၅၀၇၂၇၄၇ | ၁၄၉၇၁၂၅၆ | ၉၈၉၆၅ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၂၆၀၄၅ | ၉၅၁၃၉၈၁ | ၄၃၀၈၁ |
| ၂။ | အင်ဒိုနီးရှား | ၆၀၅၇၁၄၂ | ၅၈၉၇၀၂၂ | ၁၅၆၆၂၂ |
| ၃။ | မလေးရှား | ၄၅၁၄၉၈၉ | ၄၄၅၇၁၁၈ | ၃၅၆၈၈ |
| ၄။ | ထိုင်း | ၄၄၆၈၉၅၅ | ၄၄၀၉၂၄၈ | ၃၀၂၀၁ |
| ၅။ | ဖိလစ်ပိုင် | ၃၆၉၁၇၂၄ | ၃၆၂၈၈၀၉ | ၆၀၄၅၆ |
| ၆။ | စင်ကာပူ | ၁၃၁၈၉၈၄ | ၁၂၃၈၄၀၉ | ၁၃၉၃ |
| ၇။ | မြန်မာ | ၆၁၃၃၈၇ | ၅၉၂၃၅၀ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၀၈၃ | ၂၀၈၃၄၄ | ၇၅၆ |
| ၉။ | ဘရူနိုင်း | ၁၅၀၇၈၁ | ၁၄၈၂၈၅ | ၂၂၃ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၅ | ၃၀၅၆ |

## ဖျာပုံ၌ ငါးသယံဇာတထိန်းသိမ်းရေး ဆိုင်းဘုတ်စိုက်ထူ၍ ပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေ

ဖျာပုံ ဇွန် ၆

ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှု၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ဦးဆောင်မှုဖြင့် နိုင်ငံပိုင်ရေသယံဇာတများ ပျက်စီးဆုံးရှုံးခြင်းမှ ကာကွယ်ရန်၊ နိုင်ငံသားများ၏ ရေရှည်အကျိုးအတွက် ရေသယံဇာတများအား စနစ်တကျအသုံးပြုတတ်စေရန်နှင့် ရေထွက်ပစ္စည်းများမှ ရရှိသည့် အကျိုးကျေးဇူးများကို ပြည်သူများ အပြည့်အဝခံစားနိုင်စေရန်ရည်ရွယ်၍ “ငါးသယံဇာတထိန်းသိမ်းရေး ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေး” စာသားပါ မြေစိုက်ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် ငါးလုပ်ငန်းပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဖျာပုံ-အမာ ကားလမ်းမဘေး အောက်ကွင်းကျေးရွာလမ်းဂွဆုံနေရာ၌ ပြုလုပ်သည်။

မြေစိုက်ပိုစတာကို ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကိုကိုလွင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်မိုးနှင့် ဝန်ထမ်းများ၊ အင်းလုပ်ငန်းရှင်များ၊ အောက်ကွင်းကျေးရွာအုပ်စုနှင့် မော်ဘီကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများနှင့် ကမ်းနီးကမ်းဝေးရေလုပ်သားများ ပါဝင်စိုက်ထူခဲ့ကြပြီး ငါးလုပ်ငန်းပညာပေး လက်ကမ်းစာစောင်များအား ခရီးသွားပြည်သူများသို့ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ၂၀၇



# ဗီယက်နမ်နိုင်ငံသို့ ပလတ်စတစ်ထုတ်ကုန်တင်သွင်းမှု ယခုနှစ်ပထမငါးလအတွင်း သိသိသာသာကျဆင်းခဲ့



ဟန္နိုင်း ဇွန် ၆

ဗီယက်နမ်နိုင်ငံသို့ ပလတ်စတစ်ထုတ်ကုန်တင်သွင်းမှုသည် ယခုနှစ်ပထမငါးလအတွင်း တန်ချိန် ၃ ဒသမ ၁ သန်း (အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ) တင်သွင်းခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၆ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက ဇွန် ၆ ရက်တွင် ပြောကြားသည်။

ယခုနှစ် ဇန်နဝါရီလမှ မေလအတွင်း အင်ဒိုနီးရှားနိုင်ငံသည် ပလတ်စတစ်ထုတ်ကုန်တင်သွင်းမှုအတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၄ ဘီလီယံ နီးပါးသုံးစွဲခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံအား ပလတ်စတစ်နှင့် ပလတ်စတစ်ထုတ်ကုန်ပစ္စည်းအဓိကတင်သွင်းသည့်နိုင်ငံများတွင် တရုတ်၊ တောင်ကိုရီးယား၊ ဆော်ဒီအာရေဗျနှင့် အမေရိကန်နိုင်ငံတို့ ပါဝင်ကြောင်း ဗီယက်နမ်နိုင်ငံ အကောက်ခွန်ဌာနက ပြောကြားသည်။

၂၀၂၁ ခုနှစ်အတွင်းက ဗီယက်နမ်နိုင်ငံသို့ ပလတ်စတစ်နှင့် ပလတ်စတစ်ထုတ်ကုန်ပစ္စည်း တန်ချိန် ၆ ဒသမ ၉ သန်း(အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆ ဘီလီယံကျော်တန်ဖိုးရှိ) တင်သွင်းခဲ့ကြောင်းလည်း တရားဝင်အချက်အလက်များက ဖော်ပြထားသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အလင်းသစ်




# ဂျင်နရယ်မော်တာ၏ လုပ်ငန်းခွဲဖြစ်သည့် ခရုစ်ကလျှပ်စစ်စနစ်သုံး မောင်းသူမဲ့ အငှားယာဉ်လုပ်ငန်း ကယ်လီဖိုးနီးယားပြည်နယ်၌ လုပ်ကိုင်မည်

ကယ်လီဖိုးနီးယား ဇွန် ၆

အမေရိကန်ကားကုမ္ပဏီ ဂျင်နရယ်မော်တာ၏ လုပ်ငန်းခွဲဖြစ်သည့် ခရုစ်သည် လျှပ်စစ်စနစ်သုံး မောင်းသူမဲ့ အငှားယာဉ်လုပ်ငန်းကို ကယ်လီဖိုးနီးယားပြည်နယ်၌ မကြာမီသီတင်းပတ်များအတွင်း စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

အဆိုပါမောင်းသူမဲ့ အငှားယာဉ်လုပ်ငန်းလုပ်ကိုင်ခွင့်အား ကယ်လီဖိုးနီးယားပြည်နယ်ရှိ တာဝန်ရှိသူများက ဇွန် ၂ ရက်တွင် စတင်ခွင့်ပြုလိုက်ကြောင်း သိရသည်။ ၎င်းမောင်းသူမဲ့ လျှပ်စစ်မော်တော်ယာဉ် အစီး ၃၀ အား လာမည့်သီတင်းပတ်များအတွင်း ဆန်ဖရန်စစ္စကိုမြို့၌ စတင်အသုံးပြု ပြေးဆွဲသွားမည်ဖြစ်သည်။ မောင်းသူမဲ့အငှားယာဉ်များအား ယာဉ်ကြောပိတ်ဆို့မှု နည်းပါးသည့် ည ၁၀ နာရီမှ နံနက် ၆ နာရီအထိ ပြေးဆွဲသွားမည်ဖြစ်ပြီး ယာဉ်များ၏ ပြေးဆွဲမှုအမြန်နှုန်းကိုလည်း တစ်နာရီလျှင် ၄၈ ကီလိုမီတာအထိသာ ကန့်သတ်ထားမည်ဖြစ်သည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- စိုးသူရ

# သိပ္ပံနှင့် နည်းပညာနယ်ပယ်၌ တရုတ်ကုမ္ပဏီများ ရင်းနှီးမြှုပ်နှံမှုမြင့်တက်လာ

ပေကျင်း ဇွန် ၆

တရုတ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများသည် ပြီးခဲ့သည့် ၁၀ စုနှစ်များအတွင်း သိပ္ပံနှင့် နည်းပညာနယ်ပယ်၌ ရင်းနှီးမြှုပ်နှံမှုများမြင့်တက်လာခဲ့ကြကြောင်း တရုတ်နိုင်ငံသိပ္ပံနှင့် နည်းပညာဝန်ကြီး ဝမ်ဇီဂန်းက ဇွန် ၆ ရက်တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

နိုင်ငံအတွင်းရှိစီးပွားရေးလုပ်ငန်းများ၏ သိပ္ပံနှင့် နည်းပညာဆိုင်ရာကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုသည် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ၏ ၇၆ ရာခိုင်နှုန်းကျော်ကို ကိုယ်စားပြုလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

၂၀၂၁ ခုနှစ်အထိရရှိသည့် စာရင်းများအရ နိုင်ငံအတွင်း အဆင့်မြင့်နည်းပညာကုမ္ပဏီ ၃၃၀၀၀၀ ရှိပြီး ၎င်းကုမ္ပဏီများထံမှ အခွန်ငွေ ယွမ် ၂ ဒသမ ၃ ထရီလီယံရရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံအတွင်းရှိ ရှန်ဟိုင်းစတော့အိတ်ချိန်းနှင့် ပေကျင်းစတော့အိတ်ချိန်းတို့၌ လုပ်ငန်းလုပ်ကိုင်နေသည့် အဆင့်မြင့်နည်းပညာကုမ္ပဏီများမှာ ရာခိုင်နှုန်းအားဖြင့် ၉၀ ရာခိုင်နှုန်းကျော်ရှိသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ

# အာဂျင်တီးနား၌ ပြီးခဲ့သည့်သီတင်းပတ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၆၀၄၅ ဦးရှိ

ဗျူနိုအေးရိစ် ဇွန် ၆

အာဂျင်တီးနားနိုင်ငံ၌ ပြီးခဲ့သည့် သီတင်းပတ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၆၀၄၅ ဦးရှိခဲ့ကြောင်းနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၈၄ ဦးရှိကြောင်း အာဂျင်တီးနားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။




ထို့ကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၉၂၇၆၆၁၈ ဦးရှိလာကြောင်းနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၂၈၉၇၃ ဦးရှိလာကြောင်း အာဂျင်တီးနားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်းက စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၀၃၅၀၇၀၁၇ လုံး အသုံးပြုပြီးဖြစ်ကြောင်း အာဂျင်တီးနားနိုင်ငံ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့က ပြောကြားသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အလင်းသစ်

# နမီးဘီးယားနိုင်ငံ၌ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးစီမံချက် စတင်ဆောင်ရွက်

ဝင်ဒှေါစ် ဇွန် ၆

နမီးဘီးယားနိုင်ငံ၌ တောရိုင်းတိရစ္ဆာန်နှင့် လူသားများအကြား ပဋိပက္ခများလျှော့ချရေးနှင့် တောရိုင်းတိရစ္ဆာန်ဆိုင်ရာ မှုခင်းများ လျှော့ချရေးတို့အတွက် ဇွန် ၆ ရက်က တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးစီမံချက်တစ်ရပ် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုစီမံချက်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ တောရိုင်းတိရစ္ဆာန်များမှတစ်ဆင့် ဖြစ်ပွားနိုင်သည့် မှုခင်းများနှင့် ပဋိပက္ခများကို လျှော့ချခြင်းဖြင့် ကျေးလက်ဒေသများ၌ အကျိုးကျေးဇူးရရှိနိုင်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းပဋိပက္ခများနှင့် မှုခင်းများသည် သဘာဝပတ်ဝန်းကျင်နှင့် သက်ဆိုင်ရာဒေသများရှိ ဒေသခံများ၏ နေထိုင်လုပ်ကိုင်စားသောက်မှုများကို ထိခိုက်လာနိုင်ကြောင်း နမီးဘီးယားနိုင်ငံ သဘာဝပတ်ဝန်းကျင်၊ သစ်တောနှင့် ခရီးသွားလုပ်ငန်းဝန်ကြီး ပိုဟန်ဗာရီဖီတာက အဆိုပါစီမံချက် စတင်သည့်အခမ်းအနားတွင် ပြောကြားသည်။



ယခုဆောင်ရွက်မည့်စီမံချက်အရ လူသားနှင့် တောရိုင်းတိရစ္ဆာန်များအကြား ပဋိပက္ခဖြစ်ပွားမှုများ လျှော့ချရန်နှင့် တောရိုင်းတိရစ္ဆာန်ဆိုင်ရာ မှုခင်းများလျှော့ချနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး တောရိုင်းတိရစ္ဆာန်ကောင်ရေ မလျော့ကျစေရေး အပါအဝင် တောရိုင်းတိရစ္ဆာန်ဆိုင်ရာ စီးပွားရေး တစ်ရပ်တည်ထောင်ပြီး လူသားများနှင့် တောရိုင်းတိရစ္ဆာန်များအကြား သဟဇာတဖြစ်စွာ ပူးပေါင်းနေထိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ ဆောင်ရွက်မည့် အဆိုပါ စီမံချက်အား ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ၆ ဒသမ ၂ သန်း ကျခံသုံးစွဲမည်ဖြစ်သည်။ အဆိုပါ စီမံချက်အတွင်း တောရိုင်းတိရစ္ဆာန်ဆိုင်ရာ အသိပညာများ မျှဝေခြင်း၊ တာဝန်ရှိသူများအကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် တောရိုင်းတိရစ္ဆာန်ဆိုင်ရာ စောင့်ကြည့်မှုလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- စိုးသူရ

# မိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇွန် ၆

မိန်းကလေးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ် ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရိုးကြီးကျေးရွာနေ ဇော်သက်ထွေး(ခ)ချစ်ထွေး (ခ)နိုင်လင်းသည် "မင်းဒဿ" အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ အသုံးပြုကာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ မ --- ၁၈ နှစ်ကို တရုတ်နိုင်ငံ ရွှေလီမြို့ရှိ ဟော့ပေါ့ဆိုင်တွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ငွေကျပ် ၃၅၀၀၀၀ ရရှိမည်ဟု ပြောဆိုစည်းရုံး၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ပြီး တရုတ်အမျိုးသား ဖန်ကွေ့ဆိုသူထံ ရောင်းစား၍ ငွေကြေးအကျိုးအမြတ်များ ရယူခဲ့သဖြင့် ရွှေပြည်သာမြို့မရဲစခန်း (ပ) ၁၉၁၈ / ၂၀၁၉ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်၍ မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲ တင်ပို့ခဲ့ရာ တရားခံ ဇော်သက်ထွေး(ခ)ချစ်ထွေး (ခ)နိုင်လင်းကို ဇွန် ၃ ရက်တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သဃ်န်းကျွန်းမြို့နယ်၌ ငွေကျပ် တစ်ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၆

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်၌ ငွေကျပ် တစ်ဘီလီယံ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

## သိမ်းဆည်းရမိ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇွန် ၂ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် ဘုရင့်နောင်(၁၀)လမ်းနေ တင်ဝင်း၏နေအိမ်အား သတင်းအရရှာဖွေရာ နေအိမ်မှ ဒေသကာလတန်ဖိုးငွေကျပ် တစ်ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ မွန်းတည့် ၁၂ နာရီတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ပိုင်ရှင်ဖြစ်သူ မနန်းခမ်းအောင်(ခ)မအေးခင်ကို သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် အောင်ဇေယျ(၈)လမ်းရှိ နေအိမ်တွင် ဆက်လက်ဖမ်းဆီးမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



တင်ဝင်းနှင့် မနန်းခမ်းအောင်(ခ) မအေးခင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

# တရားမဝင် သစ်၊ မီးသွေးနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၆

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၅ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တပ်မတော်နှင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ကုတ်မြို့နယ်အတွင်း တရားမဝင် သင်္ဂဒူခွဲသား ၄ ဒသမ ၄၅၉၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၁၇၂) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

အလားတူ ဇွန် ၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သစ်တောဦးစီးဌာန ဦးဆောင်သောစစ်ဆေးရေးအဖွဲ့က မုံရွာမြို့နယ်အတွင်း တရားမဝင် မီးသွေးအိတ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၂၁၆)ကို သစ်တောဥပဒေအရ လည်းကောင်း၊ ကန့်ဘလူမြို့နယ်အတွင်း HONDA FIT အမျိုးအစား လိုင်စင်မဲ့ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ကိုင်းမြို့နယ်အတွင်း HIJET အမျိုးအစား လိုင်စင်မဲ့ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၄၃၂၁၆) ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန်လ ၅ ရက်နှင့် ၆ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၅၅၃၈၈) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇွန် ၆

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ "စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် PDF အမည်ခံအကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းရှိ စာသင်ကျောင်းဆောင်နှစ်ဆောင်နှင့် စာသင်ခုံများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည့်ဖြစ်စဉ်" ခေါင်းစဉ်ဖြင့် ၈-၆-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်ပါသည်။

လာမည့် အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "နောင်ချိုမြို့နယ် ပညာရေးမှူးရုံး နှစ်ထပ်ကျောင်းဆောင်အစည်းအဝေးခန်းမ၌ ပညာရေးဆိုင်ရာ အစည်းအဝေးပြုလုပ်နေစဉ် PDF အမည်ခံအကြမ်းဖက်သမားများက ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲ၍ အခြေခံပညာမူလတန်းလွန်ကျောင်းအုပ်ဆရာမကြီးတစ်ဦး သေဆုံး၊ ကျောင်းအုပ်၊ ဆရာ ဆရာမခြောက်ဦးနှင့် အရပ်သားဝန်ထမ်းတစ်ဦး ထိခိုက်ဒဏ်ရာရရှိမှုဖြစ်စဉ်"နှင့်ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၆-၂၀၂၂ အင်္ဂါနေ့

### MRTV HD

၀၆:၀၀ ပေဋကသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဒီမိုကရေစီဆိုရာဝယ်
၀၉:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၀:၀၀ သတင်းထဲကသတင်း
၁၃:၃၀ MRTV National News
၁၆:၃၅ မြန်မာ့ပုလဲရတနာတို့၏ မွေးရပ်မြေ ပုလဲကျွန်းဆီ
၁၇:၃၀ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သတိပြုရမည့်ရောဂါများ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၂၀ 10th ASEAN Quiz Myannar (National Level) (Part-2)
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဆေး' (အပိုင်း-၁၂)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၉)
၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း 'After Me'

### mitv

07:01 Shwin Lan Chan Myae Par Zay (Thae Nu Wah)
07:07 Products of Myanmar - Craft Blacksmithing
07:32 Talking Shwe Thway (Children Journal)
07:44 Myanmar's Entrepreneurs: Soe Moe Aung
08:01 Secret Recipes by Gourmet Chefs (Thai)
08:34 Mahar Thakya Atula Man Aung - Nga Htat Kyee
08:50 Chaung Tha Souvenir Business
09:01 News
09:27 Global Partnership for Brighter Future: Cabo Verde Pavilion at Expo 2020 Dubai
09:40 Dances of Myanmar: Bwe Traditional Dance
09:43 Bridge On The River Tapam

### MRTV NRC

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ရောဝတီရဲ့အရိုင်းဆန်တဲ့အလှဂေါ်ရန်ဂျီ(အပိုင်း-၅)

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
မုန့်ဖိုင်းတောင့်လုပ်စားကြရအောင်

**ချင်း (ဖိုင်စိုး) (၀၈:၀၀ မှ ၀၉:၀၀)**
သင်မယ်၊ ရေးမယ် တို့ချင်းစာ(အပိုင်း-၄၀)

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
အနာဂတ်ဆီသို့ခြေလှမ်းများ

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
အတောင်(၄၀၀)ပြည့်ကမ္ဘာ့အကြီးဆုံးလျောင်းတော်မူဘုရား

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၃)

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ရှေးဟောင်းမောက်စံဘုန်းတော်ကြီးကျောင်း

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ဝညီနောင်တို့ရဲ့သီးခြားကမ္ဘာလေးဆီသို့(အပိုင်း-၂)

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
အစာသည်ဆေး ဆေးသည်အစာ အစားမှားရင်ဘေး

**ဝကကကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကရင်ဖြူမျိုးနွယ်စုနေထိုင်ရာ တောင်တန်းဒေသ

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကွက်လပ်ဖြည့်ပါ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၃)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (သီရိလင်္ကာနိုင်ငံ)(အပိုင်း-၁)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၃)

### MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၃၀ တောင်သူ့ဘဝသုတကဏ္ဍ
၀၇:၀၀ ပဲမျိုးစုံစိုက်ပျိုးရေးတိုးချဲ့ပညာပေး
၀၈:၂၀ သတိပြုကာကွယ်ဆစ်ပိုးအန္တရာယ်
၀၈:၃၀ လေ့ကျင့်စခန်းသားအပန်းဖြေဆင်စခန်း
၀၉:၂၀ ချိုမြိန်သောဘဝများရဲ့နှင်းဆီ
၀၉:၄၅ မျိုးကောင်းမျိုးသန့်စိုက်ပျိုးခြင်းမှသည် မျိုးစေ့ပုလုံရေးဆီသို့တက်လှမ်းဖို့ရှယ်ရည်

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက်(၉:၀၀)နာရီမှ တစ်ကြိမ်လျှင်(၄)နာရီ (၆)ကြိမ်နှုန်း(၂၄)နာရီထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၆-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၃၅ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၀ | ၂၂၈၀ | ၂၃၀၀ | ၂၂၈၅ | ၂၂၆၅ | ၂၃၆၀ | ၂၃၇၅ | ၂၂၇၀ | ၂၂၈၀ | ၂၃၁၅ | ၂၃၁၅ | ၂၃၂၀ | ၂၅၃၅ | ၂၆၆၀ |
| 95 Ron | ၂၃၃၀ | ၂၃၇၅ | ၂၃၇၅ | ၂၃၄၀ | ၂၃၇၅ | ၂၃၉၅ | ၂၃၈၅ | ၂၃၆၀ | ၂၄၅၅ | ၂၄၇၀ | ၂၃၇၀ | ၂၃၈၅ | ၂၄၁၀ | ၂၄၁၀ | ၂၄၁၅ | ၂၆၃၅ | ၂၇၁၅ |
| HSD (500 ppm) | ၂၅၇၀ | ၂၆၁၅ | ၂၆၁၀ | ၂၅၈၀ | ၂၆၁၅ | ၂၆၄၀ | ၂၆၃၅ | ၂၆၀၀ | ၂၇၁၅ | ၂၇၁၀ | ၂၆၁၀ | ၂၆၁၅ | ၂၆၅၀ | ၂၆၅၅ | ၂၆၅၅ | ၂၈၇၅ | ၂၆၉၅ |
| HSD (50 ppm) | ၂၆၀၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၀၅ | ၂၆၄၅ | ၂၆၆၅ | ၂၆၆၀ | ၂၆၃၀ | ၂၇၄၅ | ၂၇၄၀ | ၂၆၃၅ | ၂၆၅၀ | ၂၆၈၀ | ၂၆၈၀ | ၂၆၈၅ | ၂၉၀၀ | ၂၇၃၀ |
| HSD (10 ppm) | ၂၆၀၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၀၅ | ၂၆၄၅ | ၂၆၆၅ | ၂၆၆၀ | ၂၆၃၀ | ၂၇၄၅ | ၂၇၄၀ | ၂၆၃၅ | ၂၆၅၀ | ၂၆၈၀ | ၂၆၈၀ | ၂၆၈၅ | ၂၉၀၀ | ၂၇၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၂၉ | ၂၂၁၅ |
| 95 Ron | ၂၂၂၂ | ၂၃၀၀ |
| HSD (500 ppm) | ၂၄၅၆ | ၂၅၃၄ |
| HSD (50 ppm) | ၂၄၈၃ | ၂၅၆၂ |
| HSD (10 ppm) | ၂၄၈၃ | ၂၅၆၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကံပေါက်ကျေးရွာနေ ဖြိုးအောင်စိုး (ခ) ငယ်လေး (၃၁)နှစ်သည် ၎င်းအသုံးပြုသည့် “Ngal Lay” Facebook အကောင့်၊ လောင်းလုံးမြို့နယ် ဟင်းချိုကျေးရွာနေသူများဖြစ်သည့် ဇင်ကိုနိုင်(ခ) ဇင်ကို (၂၈)နှစ်နှင့် မြင့်နိုင် (၅၁)နှစ်တို့ နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် “Zin Ko” Facebook အကောင့်နှင့် “Myint Naing” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာနေ ရွှေဥ(ခ)ရွှေဆု (၂၆) နှစ်သည် ၎င်းအသုံးပြုသည့် “Shwe Su” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ရန်ကုန်-နေပြည်တော် အမြန်လမ်း၌ မတ်တူးယာဉ် အရှိန်လွန်တိမ်းမှောက်၍ ယာဉ်မောင်း သေဆုံး

**တောင်ငူ ဇွန် ၆**

ရန်ကုန်-နေပြည်တော် အမြန်လမ်းပိုင်း တောင်ငူမြို့နယ် ကုက္ကိုလ်ပင်စုကျေးရွာ မိုင်တိုင် (၁၄၇/၀) အနီး၌ ယနေ့ နံနက် ၈ နာရီ မိနစ်၂၀ ခန့်က ယာဉ်ငယ်တစ်စီး အရှိန်လွန်တိမ်းမှောက်ကာ ခါးပိုင်းပြတ်ထွက်သွားပြီး ယာဉ်မောင်းသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ နေပြည်တော်သို့ ဦးကျော်ခင်မင်း (၃၉) နှစ်သည် Mark II အမျိုးအစားယာဉ်အား တစ်ဦးတည်းမောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ အခင်းဖြစ်နေရာအရောက် လမ်းလယ်ကျွန်းရှိ ခရေပင်နှင့် ထန်းပင်တို့အား ဝင်တိုက်မိခဲ့ရာ ဦးကျော်ခင်မင်းတွင် ဒဏ်ရာများရရှိခဲ့သဖြင့် တောင်ငူဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ဇီးပင်သာအမြန်လမ်းမကြီး ရဲစခန်းတွင် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

ဇလွန် ဇွန် ၆

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီတွင် ဖက်သောင်ကျေးရွာ တောင်သူ ဦးရွှေထူး၏ လယ်မြေ ၁၀ ဧကၡ ကျင်းပသည့် ၂၀၂၂-၂၀၂၃ မိုးစပါးရာသီ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲအခမ်းအနားကို တက်ရောက်ခဲ့သည်။

### ရှင်းလင်းပြောကြား

လယ်ယာမြေများတွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စိုက်ပျိုးခြင်းဖြင့် လယ်ယာမြေအတွင်းရှိ ပေါင်းပင်များကိုနှိမ်နင်းနိုင်ပြီး အကျိုးပြု အဏုဇီဝပိုးများ ၊ မြေဆီလွှာအတွင်းရှိ အကျိုးပြုသက်ရှိများကိုလည်း အသက်ရှင် တိုးပွားစေနိုင်ကြောင်း၊ ဓာတ်မြေဩဇာသုံးစွဲမှုအား လျှော့ချနိုင်ပြီး သဘာဝပတ်ဝန်းကျင်ရှိ မြေဆီလွှာနှင့် ရေတို့ကို ဓာတုအဆိပ်သင့်မှု လျော့နည်းစေကာ မြေဆီလွှာ၏ ချဉ်ငန်ဓာတ်ကိုလည်း ထိန်းညှိပေးသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိန်မောင်မြင့်က ရှင်းလင်းပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများသည် ဖက်သောင်ကျေးရွာ တောင်သူ ဦးရွှေထူး၏လယ်မြေ ၁၀ ဧကၡ ကျင်းပသည့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ဝေယံ(ပြန်/ဆက်)



# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး / ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး / ပြည်နယ်ဥပဒေအရာရှိများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအား ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲကျင်းပ

လွိုင်ကော် ဇွန် ၆

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး ပြည်နယ်ဥပဒေချုပ်များ၊ ဥပဒေအရာရှိများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအား ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၄ ရက် မွန်းလွဲပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကယားပြည်နယ်ဥပဒေချုပ် ဦးကြည်မြိုင်က ဥပဒေရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ အမှာစကားကို ထပ်ဆင့်ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဥပဒေအရာရှိ ဦးဇော်ဝင်းဇံက ဥပဒေရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များ၏ ရုံးလုပ်ငန်းကိစ္စရပ်များနှင့်ပတ်သက်သည့် ရှင်းလင်းချက်များအား ထပ်ဆင့်ရှင်းလင်း ပြောကြားခဲ့သည်။

အဆိုပါ ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲသို့ ကယားပြည်နယ် ဥပဒေချုပ်ရုံး လက်အောက်ရှိ ခရိုင်မြို့နယ် ဥပဒေရုံးများမှ ဝန်ထမ်း ၃၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကိုဇင်(လွိုင်ကော်)





# ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့် ဟင်္သာတအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

ဟင်္သာတ ဇွန် ၆

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်သည် ရုံးအဖွဲ့မှူး ဦးကျော်စိုးညွန့်၊ ဟင်္သာတခရိုင် တရားသူကြီး ဒေါ်အေးအေးခိုင်တို့နှင့်အတူ ယနေ့နံနက်ပိုင်းက ဟင်္သာတ အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးရာ အကျဉ်းထောင်တာဝန်ခံအရာရှိက အကျဉ်းထောင်အတွင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများသည် အကျဉ်းထောင်အတွင်း အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများနေထိုင်သည့် အဆောင်များနှင့် စားဖိုဆောင်၊ ဆေးပေးခန်းနှင့် စာကြည့်တိုက်တို့ကို လှည့်လည်ကြည့်ရှုကာ ၎င်းတို့၏ဥပဒေပါအခွင့်အရေးများ ရရှိခြင်း ရှိ၊ မရှိ၊ နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိ၊ မရှိ၊ အစာအာဟာရ သင့်တင့်မျှတမှု ရှိ၊ မရှိ၊ ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေနှင့် အသက်မွေးဝမ်းကျောင်းအတတ်ပညာ သင်ကြားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးမေးမြန်းခဲ့ပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အကျဉ်းထောင် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■

# မွေးမြူရေးသုတေသနဦးစီးဌာန၏ သုတေသနဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးသုတေသနဦးစီးဌာန၏ သုတေသနဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို စိုက်ပျိုးရေး သုတေသနဦးစီးဌာနရှိ စုဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။

### ဖွင့်လှစ်ခြင်းဖြစ်

အဆိုပါသင်တန်းကို တီထွင်ဆန်းသစ်သော မွေးမြူရေးသုတေသနလုပ်ငန်းများဖြင့် မြန်မာနိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် ရည်ရွယ်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာလုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာဆောင်ရွက်နိုင်ရန် သုတေသနဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းအား ဖွင့်လှစ်ခြင်းဖြစ်သည်။



ရေးဆေး၊ နေပြည်တော်

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မွေးမြူရေး သုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းနိုင်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် မွေးမြူရေးသုတေသနဦးစီးဌာနတွင် ကုန်းသတ္တဝါ၊ ရေသတ္တဝါဆိုင်ရာ သုတေသနလုပ်ငန်းများဖြစ်သည့် ဇီဝနည်းပညာနှင့် မျိုးရိုးဗီဇ သုတေသန၊ အစာနှင့်ဆေးဝါးသုတေသန၊ ရောဂါပိုးမွှားသုတေသန၊ နည်းပညာနှင့်ထွက်ကုန်သုတေသနလုပ်ငန်းများကို ရုံးချုပ်တွင် သုတေသနဌာနခွဲ ရှစ်ခုဖြင့်လည်းကောင်း၊ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် ကိုးခုတို့တွင် မွေးမြူရေးသုတေသနစခန်း ခုနစ်ခုနှင့် ငါးသုတေသနစခန်း ခုနစ်ခုတို့ဖြင့်လည်းကောင်း သုတေသနလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်တွင် ပျော်ရွှင်စွာဖြင့် ပေးအပ်သော တာဝန်များကို ကျေပွန်အောင်ဆောင်ရွက်နိုင်သူများဖြစ်အောင် ကြိုးစားကျင့်ကြံ အားထုတ်ကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

### ရှင်းလင်းပြောကြား

ဆက်လက်၍ မွေးမြူရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာဆောဘောမ်က သင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ သင်တန်းတွင်သင်ကြားပို့ချပေးမည့် ဘာသာရပ်များနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းအား ရှစ်ရက်တာပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနား ကျင်းပ

မြဝတီ ဇွန် ၆

၂၀၂၂ ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကရင်ပြည်နယ် မြဝတီမြို့ရှိ သောင်ရင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် “ တစ်ခုတည်းသော ကမ္ဘာမြေ ” ခေါင်းစဉ်ဖြင့် ဆောင်းပါး၊ စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်လွင်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ ထိန်လင်းအောင်

# ထန်းတပင်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်



ရန်ကုန် ဇွန် ၆

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းကြယ်သီးထိုးနည်းနှင့် ဆံအုပ်ဘိုးပြုလုပ်နည်းသင်တန်း(၁/၂၀၂၂)ကို ယနေ့ နံနက်ပိုင်းက ကျောင်းကုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဖွင့်လှစ်သည်။

ကျေးလက်နေပြည်သူများ အိုးမကွာ အိမ်မကွာနေထိုင်ပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်နှင့် ဒေသထွက်ပစ္စည်းများ အသုံးချ၍ စီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပန်းကြယ်သီးထိုးနည်းနှင့် ဆံအုပ်ဘိုးပြုလုပ်နည်းသင်တန်းကို ကျောင်းကုန်းကျေးရွာတွင် ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါသင်တန်းကို ဇွန် ၆ ရက်မှ ၂၀ ရက်အထိ ၁၅ ရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသို့ ကျေးရွာနေပြည်သူ ၂၅ ဦး တက်ရောက်လျက်ရှိကြောင်းလည်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

■

# ရေကြည်မြို့နယ်၌ ပျိုးပင်များ အခမဲ့ဖြန့်ဝေ

ကျောင်းကုန်း ဇွန် ၆

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကျောင်းကုန်းဘိနယ်သစ်တောဦးစီးဌာနက ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် သစ်ဆိမ့်ကုန်းကျေးရွာနှင့် ရေဂလုတ်အုပ်စု ချောင်းဝကျေးရွာတို့၌ ပျိုးပင်များအခမဲ့ဖြန့်ဝေပေးရာ ရေကြည်မြို့နယ် သစ်တောဦးစီးဌာန ကျောင်းကုန်းဘိနယ်သစ်တောဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပြီး သစ်ဆိမ့်ကုန်းကျေးရွာအုပ်စုနှင့် ရေဂလုတ်ကျေးရွာ အုပ်စုများသို့ သွားရောက်ကာ ကျွန်း၊ မန်ကျည်းရှား၊ မဟော်ဂနီ ပျိုးပင် ၂၀၀ စီ စုစုပေါင်း ပျိုးပင် ၆၀၀ တို့ အခမဲ့ လိုက်လံဖြန့်ဝေပေးခဲ့ ကြောင်း သိရသည်။

မြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် ကျွန်း ၅၀၀၀၊ မန်ကျည်းရှား ၈၀၀၀၊ ယူကလစ် ၃၀၀၀၊ မဟော်ဂနီ ၄၀၀၀ တို့အပြင် အပိုဆောင်းပျိုးပင် ၂၀၀၀ တို့ကို ပျိုးထောင်ထားရှိပြီး လိုအပ်သည့် ပြည်သူများထံ အခမဲ့ ဖြန့်ဝေပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❖

# မိုးရာသီသစ်ပင်စိုက်ပျိုးရန် ပျိုးပင်များဖြန့်ဝေ

ဓနုဖြူ ဇွန် ၆

ဧရာဝတီတိုင်းဒေသကြီး စိမ်းလန်းစိုပြည်ရေးအတွက် ဓနုဖြူမြို့နယ် သစ်တောဦးစီးဌာန ပျိုးဥယျာဉ်မှ မိုးရာသီတွင် သစ်ပင်စိုက်ပျိုးလိုသူများအား ဇွန် ၅ ရက် နံနက် ၉ နာရီက ဓနုဖြူမြို့မဈေးထိပ်တွင် ပျိုးပင်များ အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ဓနုဖြူမြို့နယ်အတွင်း ဖြန့်ဝေရန် ပျိုးပင်ပေါင်း ၁၉၈၀၀ ပျိုးထောင်ထားပြီး ပျိုးပင်များအား မြို့နယ်သစ်တောဦးစီးမှူး ဦးငြိမ်းချမ်း(၅)၊ ဓနုဖြူမြို့နယ်သစ်တောဦးစီးဌာနမှ ဘိနယ်တာဝန်ခံ ဦးမောင်မိုးနှင့် ဝန်ထမ်းများက သစ်ပင်စိုက်ပျိုးလိုသူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် မြို့နယ်သစ်တောဦးစီးဌာနတွင်လည်း လာရောက် ထုတ်ယူနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကြံခင်းမြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ကြံခင်း ဇွန် ၆

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် သစ်တောဦးစီးဌာနမှ "တစ်ခုတည်းသော ကမ္ဘာမြေ"ဆောင်ပုဒ်နှင့်အညီ ဇွန် ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က ကြံခင်းမြို့နယ် မြောက်မြန်အောင်ကြိုးဝိုင်းအကွက်အမှတ်(၁၈)တွင် ကျင်းပသည်။



အဆိုပါ သစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဆန်အောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှ တာဝန်ရှိသူများ၊ ပြည်သူများ စုပေါင်းစိုက်ပျိုးကြရာ ကျွန်း ၃၄၀၊ မန်ကျည်းရှား ၂၀၀၊ မဟော်ဂနီ ၂၀၀ စုစုပေါင်း ပျိုးပင် ၇၄၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ကြံခင်းမြို့နယ် သစ်တောဦးစီးဌာနတွင် ပျိုးပင်စုစုပေါင်း ၁၂၀၀၀၀ ပျိုးထောင်ထားရှိပြီး ဌာနဆိုင်ရာရုံးများ၊ ကျောင်းများနှင့် ပြည်သူများအား အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း ကြံခင်းမြို့နယ် သစ်တောဦးစီးအရာရှိ ဦးဆန်အောင်ထံမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကျုံပျော်မြို့၌ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင်များအခမဲ့ဖြန့်ဝေ

ကျုံပျော် ဇွန် ၆

ကမ္ဘာကြီး ပူနွေးလာမှုကို ကာကွယ်ရန်နှင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ပြည်သူလူထုသို့ ပျိုးပင်များ အခမဲ့ဖြန့်ဝေခြင်းကို ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကျုံပျော်သစ်တောဦးစီးဌာနက ဦးဆောင်ကာ ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။



**တက်ရောက်**

ပျိုးပင်များဖြန့်ဝေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇေယျမင်း၊ အဖွဲ့ဝင်(၂) ဦးရန်နိုင်ဝင်း၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန့်ဇော်ဦးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ သစ်တောဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးကျော်စိုးနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သစ်တောဦးစီးဌာန ပျိုးဥယျာဉ်တွင် လည်းကောင်း၊ တာသစ်ကြီးလမ်းနှင့် အင်းရဲလမ်းဆုံတို့တွင် လည်းကောင်း၊ ကျေးရွာနေအိမ်များသို့ အိမ်တိုင်ရာရောက် လည်းကောင်း ကျွန်း ၃၀၀၊ ပျဉ်းကတိုး ၅၀၊ မန်ကျည်းရှား ၃၀၀၊ ယူကလစ် ၁၀၀ နှင့် မဟော်ဂနီ ၅၀ စုစုပေါင်း ပျိုးပင် ၈၀၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■ **စစ်ကိုင်းမြို့နယ်မှ**

ဆရာ ဆရာမများအား ယုတ်မာရိုင်းစိုင်းစွာ ဆဲဆိုထားသည့်စာသားများ ရေးသားနှောင့်ယှက်ခဲ့သည်။

အဆိုပါ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၅ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်းနှင့် ၎င်းကလေးငယ်များ၏ ပညာသင်ကြားနိုင်မှုအခွင့်အလမ်းအပေါ် ယခုကဲ့သို့ဝင်ရောက်နှောင့်ယှက်ဖျက်ဆီးခဲ့သော PDF အမည်ခံအကြမ်းဖက်သမားများအား ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# သောကကင်းဝေးနည်း

**ပီမိုးနှင်း**

**လူ့စိတ်သည် လူကို ဆွဲဆောင်တတ်၏။**
**မင်္ဂလာစိတ်သည် မင်္ဂလာတို့ကို ဆွဲဆောင်၏။**
**အမင်္ဂလာစိတ်သည် အမင်္ဂလာအပေါင်းတို့ကို ဆွဲဆောင်လေသည်။**

အမေရိကန် ပရော်ဖက်ဆာ ဆရာကြီးတစ်ယောက်သည် အလွဲလိုက်စား လမ်းမှားသော စွဲမြဲခြင်းနှင့် ဝီရိယကို လက်ရုံးပြုကာ လောက၌စိတ်ညစ်ညူးစေတတ်သော အကြောင်းလေးတွေကို ရှာဖွေစုဖော်ရာ စိတ်ညစ်စရာပေါင်း ၂၁၀၀၀၀ ရရှိသည်ဟုပြ၏။ နှစ်သိန်းမက ဆယ်သန်းတိုင်တိုင်ရှာလျှင် ရပေလိမ့်မည်။ ၎င်းစိတ်ညစ်စရာစာရင်း၌ စား၍မြိန်ခိုက်မှာ ပန်းကန်ထဲ၌ ယင်သေကို တွေ့ရခြင်း၊ ဇာတ်ရုံ၌ အသံကျယ်စွာ စကားပြောခြင်း။ လက်မှတ်ခံရာ၌ အတိုးခံရခြင်း၊ လူကြီးကို မရိုသေသော လူငယ်တစ်ယောက်ကို မြင်ရခြင်း စသည်များ ပါရှိလေသည်။

လောက၌ စိတ်ညစ်စရာအကြောင်းကိစ္စအမျိုးမျိုးတို့မှာ လူမှန်သမျှ မလွတ်ကင်းပေ။ မိမိစိတ်ကို ကျောက်ဆောင်လိုထားနိုင်မှ မင်္ဂလာမရှိသော အနိဋ္ဌာရုံတို့ကို ခုခံနိုင်လေသည်။ သို့မဟုတ်ချေက အရေးမကြီးသော အကြောင်းကိစ္စလေးတွေနှင့်ပတ်သက်၍ အမြဲအမှောင်ကျလျက် နေတတ်လေသည်။

အချို့သောလူများမှာ လူအများတို့ တွေးမြဲဖြစ်သော သောကအပူလေးများ၊ ခက်ခဲကျပ်တည်းခြင်းလေးများနှင့် တွေ့ကြုံသည်ကို အကြီးအကျယ်မှတ်ထင်ကာ ဒုက္ခဖြစ်ရလေသည်။ ၎င်းတို့ တွေ့ကြုံရသောဒုက္ခများမှာ စင်စစ် ဒုက္ခမဟုတ်ပါ။ အခက်အခဲလေးမျှသာ ဖြစ်ကြ၏။ ဤကဲ့သို့ဖြစ်ရခြင်းမှာ မကောင်းသောအာရုံတို့ကို လက်ခံအားကြီးခြင်းကြောင့်ပင် ဖြစ်လေသည်။

အခြားသူများ၏ ကဲ့ရဲ့သင်္ဂြိုဟ်ပြုခြင်း၊ ပြောင်လှောင်ခြင်းများကို မခံနိုင်သောစိတ်သည်လည်း ဤနည်းအတိုင်း အာရုံခံစားခြင်းကြောင့် ဖြစ်ရာ မခံချင်ဖွယ်ရာပြောလိုက်သောစကားကိုကြားရခြင်း၊ မခံချင်ဖွယ်ရာအမူတစ်ခုကို ပြုရခြင်းများသည် မကောင်းသောအာရုံများပင် ဖြစ်လေသည်။

သို့ဖြစ်လေရာ ၎င်းအာရုံများပေါ်တိုင်း ဖျောက်၍ပစ်တတ်မှသာ စိတ်တည်းဟူသောကျောက်ဆောင်မှာ တန်ခိုးပိုမို၍ ကြီးနိုင်လေသည်။

စိတ်၏တန်ခိုးသတ္တိသည် လောကကြီးပွားရေး၌လည်းကောင်း၊ လောကုတ္တရာအတွက်လည်းကောင်း လွန်စွာအရေးကြီးလေရာ ထိုသတ္တိမရှိသူတို့မှာ အများအားဖြင့် ကြီးပွားအောင်မြင်ခြင်း၏ အောင်ပန်းကို ဆွတ်ဖို့ရန်ခက်လေ၏။

အချို့လူများမှာ မိမိတို့ကိုယ်ကို အလွန်နုနယ်သိမ်မွေ့သည်၊ အခြားလူတွေကြမ်းကြုတ်ရိုင်းစိုင်းကြသည်။ မိမိတို့မှာ ထိုလူတွေနှင့် နေ၍မဖြစ်၊ ကြာလျှင်ဒုက္ခဖြစ်လိမ့်မည်ဟု မှတ်ထင်ကြ၏။ မှတ်ထင်သည့်အတိုင်းလည်း ဖြစ်နိုင်လေသည်။

အချို့လူများသည်ကား ခေတ်ဆိုး၊ ခေတ်ယုတ်၊ ခေတ်ရှုပ်၊ ခေတ်ကျပ်၊ ဆုတ်ကပ် စသည်ဖြင့် ခေတ်ကိုအပြစ်တင်ဆိုလျက် ငြိုငြင်၍နေကြ၏။ ၎င်းတို့၏ စိတ်မှာကြည်လင်လိုလျှင် ဖြစ်နိုင်ပါလျက် တမင်သက်သက်မိုးအုံ့လျက် မှိုင်းနေသည်ကို ခံ၍နေကြရ၏။

ကမ္ဘာလောကကြီးသည် မိမိသွားရိုးလမ်းစဉ်အတိုင်း သွား၍နေ၏။ ကမ္ဘာလောကကြီးသည် လူတို့၏အလိုကို မလိုက်၊ လူသာလျှင် လောကကြီး၏ သဘောအလိုကိုလိုက်ကာ နေတတ်သလို၊ ချမ်းသာသလို ကြံ၍နေလေ၏။ လောကဓာတ်ကြီးနှင့်ခိုက်ရန်ဖြစ်ကာ ငြိုငြင်လျက် မရွှင်မလန်း၊ မသာမယာဖြစ်၍ မနေအပ်ပေ။ မရွှင်လန်းခြင်းသည် အနိဋ္ဌာရုံများကိုထင်မြင်၍ အနိဋ္ဌာရုံ အမင်္ဂလာလှိုင်းများထကာ ငြိုငြင်ပူပင်ခြင်း၏ အမင်္ဂလာအမှတ်ကို ရလေသည်။

လူ့စိတ်သည် လူကို ဆွဲဆောင်တတ်၏။ မင်္ဂလာစိတ်သည် မင်္ဂလာအပေါင်းတို့ကို ဆွဲဆောင်၏။ အမင်္ဂလာစိတ်သည် အမင်္ဂလာအပေါင်းတို့ကို ဆွဲဆောင်လေသတည်း။

**သွေးသောက်မဂ္ဂဇင်း၊ အမှတ် ၅၂၊ မေလ၊ ၁၉၅၀။**

■

# ကြီးပွားချမ်းသာနည်းဗျူဟာ

**ထက်ခိုင်**



**လုပ်နိုင်စွမ်းရှိသလောက်လုပ်ပါ**

"ကျွန်တော်တို့တစ်တွေ ကိုယ်ပိုင်လုပ်နိုင်စွမ်းရှိသလောက် လုပ်ခဲ့မယ်ဆိုရင် ရလဒ်တွေအတွက် ပြန်ပြီးလေးစားအံ့အားသင့်လို့ဆုံးမှာ မဟုတ်ဘူး"

**သောမတ်စ်အယ်ဒီဆင်(၁၈၄၇-၁၉၃၁)**

အောင်မြင်မှုရရှိပြီး ကြီးပွားချမ်းသာလိုကြသော လူတိုင်းလူတိုင်းသည် ရှေ့ကအောင်မြင်ခဲ့ကြသူများ၏ ခြေရာကိုနင်းကာ ပိုမိုကောင်းမွန်သည့် အောင်မြင်မှုကို ရယူနိုင်ကြမည်ဟု ယုံကြည်ကြသည်။

လူအချို့က အောင်မြင်မှုကိုရှာဖွေနေကြသော်လည်း သေဆုံးသွားသည့်တိုင် အောင်မြင်မှုကို တွေ့မသွားရသူများ များစွာရှိလေသည်။ အချို့လူများက အောင်မြင်မှုကို အချိန်ယူပြီးလေ့လာမှ သိမယ့်အရာလို့လည်း ထင်မြင်ယူဆကြသူများ ရှိသည်။ လူအချို့ကလည်း အောင်မြင်မှုကို အနိုင်ယူခြင်းနှင့် ဆက်စပ်မှုရှိသည်ဟု ထင်ကြပြန်သည်။ အချို့က အောင်မြင်မှုကို ရယူရမည့်အရာတစ်ခုဟု ထင်ကြသည်။ အချို့က အောင်မြင်မှုကို သွားရောက်ရမည့် နေရာတစ်နေရာဟု ထင်ကြသည်။ ယင်းတို့သည် မှန်းဆထင်မြင်မှုများသာ ဖြစ်လေသည်။

အောင်မြင်မှုကို လက်ဝယ်ပိုင်ဆိုင်သူမဟုတ်ဘဲ ရမ်းသန်းမှန်းဆ ထင်ကြေးမျှနှင့် လုပ်နေကြရှာသည်။ အောင်မြင်မှုဆိုသည်ကား ထီထိုးသကဲ့သို့မဟုတ်။ လောကကြီးတွင် အမှန်တကယ်အောင်မြင်သူက နည်းနည်း မအောင်မြင်ဘဲ အောင်မြင်မှုဟူသည်ကို ရေရေရာရာမသိဘဲ လျှောက်ပြောနေသူက များများ ဖြစ်သည်။

အောင်မြင်မှုဟူသည်က ခရီးဆုံးတစ်ခုဟု သတ်မှတ်ရမည့် အရာတစ်ခုပင်။ စစ်မှန်သည့် အောင်မြင်မှုရရန်ဟူသည်ကား နေ့စဉ်နေ့စဉ် ကြိုးစားရမည့်အရာတစ်ခုပင်ဖြစ်သည်။

သင်၏ နေ့စဉ်လုပ်ဆောင်နေသော လုပ်ငန်းဆောင်တာများကို ပိုမိုအရည်အသွေးကောင်းအောင် မပြောင်းလဲဘဲနေသမျှ သင့်ဘဝသည် ကြီးကြီးမားမား ပြောင်းလဲသွားနိုင်မည်မဟုတ်။ အောင်မြင်မှု၏ လျှို့ဝှက်ချက်သည် ခက်ခက်ခဲခဲကြီးကြီးမားမားမရှိ။ နိစ္စဓူဝလုပ်ငန်းခွင်အတွင်းမှာ အလွယ်ရှာဖွေရရှိနိုင်သည်။ နေ့စဉ်နေ့စဉ် မှန်မှန်သာ အကောင်းဆုံး လုပ်ဆောင်ရမည်ဖြစ်သည်။

အလုပ်ကိုမြတ်မြတ်နိုးနိုးနှင့် သန့်ရှင်းသပ်ရပ်စွာလုပ်ဆောင်ရမည်။ ကိုယ်လုပ်ရသည့်အလုပ်ကို ပျော်ရွှင်ကြည်သာစွာ လုပ်ဆောင်ရမည်လည်းဖြစ်သည်။

နေ့စဉ်လုပ်ငန်းဆောင်တာတိုင်းသည် သင့်ဘဝ အောင်မြင်မှုကို သက်ရောက်စေပါသည်။ သင်၏ နေ့သစ်တိုင်းသည် အောင်မြင်မှုများကိုဖန်တီးယူရာ အချိန်ကောင်းများပင်ဖြစ်သည်။ သင်အောင်မြင်မည်။ ကျရှုံးမည်ဟူသည်က သင်နေ့စဉ်လုပ်ငန်းဆောင်ရွက်မှု လုပ်ပုံကိုင်ပုံများနှင့် အချိုးကျဆက်နွယ်နေသည်။

အောင်မြင်ရန်အတွက် ပေးဆပ်ရသည်ချည်းဖြစ်သည်။ မည်သည့်အရာမျှ အလကားမရနိုင်။ တန်ရာတန်ကြေးကို မုချပေးဆပ်ရမည်။ မတွန့်တိုနှင့်၊ အချောင်မခိုနှင့်။ ကိုယ်တိုင်ကြိုးပမ်းအားထုတ်မှု၊ အကောင်းဆုံးအလုပ်လုပ်နိုင်မှု၊ ပျော်ပျော်ရွှင်ရွှင် ထက်ထက်သန်သန်လုပ်နိုင်မှုတို့သည် အောင်မြင်မှုပင်ဖြစ်သည်။ ယခုအချိန်တွင် ပေးဆပ်ပြီး အောင်မြင်မှုရမှသာ အမောဖြေရန်လိုပေသည်။ ဘဝအတွက် အရာရာတိုင်းကို သူနှင့်ညီမျှသည့်တန်ဖိုးဖြင့် ဝယ်ယူကြရသည်ချည်းဖြစ်သည်။

ထို့အပြင် အိပ်မက်ကြီးကြီးမက်ပါ။ ရဲရဲမက်ပါ။ အကန့်အသတ်မရှိ မက်နိုင်သည်။ ကိုယ်တိုင်က မှန်းဆထင်မြင်ပြီး ဖြစ်နိုင်မည်မထင်ဟုတွေးကာ စိတ်ဓာတ်ကျခြင်းသည် စစ်မရောက်ခင်က မြားကုန်နေခြင်းသာဖြစ်သည်။

"လူတိုင်းမှာမသုံးဘဲပုန်းခိုနေတဲ့ စွမ်းအင်တွေ အများကြီးရှိနေပြီး ငါ့ရဲ့ရှေ့မှာ အဆုံးအစမဲ့ ဖြစ်နိုင်ခြေတွေရှိနေတယ်။ ငါ့ရဲ့ပတ်လည်မှာ မရေမတွက်နိုင်တဲ့ အခွင့်အရေးတွေ ရှိနေတယ်။ ငါဘာကိုမှ မကြောက်ဘူး။ အိပ်မက်ကြီးကြီးမက်မယ်"ဟု ပါမောက္ခဝီလျှံဂျိမ်းစ်က ပြောဖူးသည်။

နေ့စဉ်တိုးတက်ရေးအတွက် အာရုံစိုက်ရန်လိုသည်။ ရသည့်အချိန်တိုင်းကို တန်ဖိုးရှိရှိအသုံးချရမည်။ အချိန်ကိုသုံးပြီး မဖြုန်းရန်လိုသည်။ အချိန်ကို သေချာစွာ စီမံခန့်ခွဲနိုင်ရမည်ဖြစ်သည်။

ကြီးကျယ်ခမ်းနားသည့်အောင်မြင်မှုဟူသည်ကား တစ်ဦးတစ်ယောက်တည်းမစွမ်းဆောင်နိုင်။ လူအများ သူ့နေရာနှင့်သူ တက်ညီလက်ညီပါဝင်ပြီး စုပေါင်းလုပ်ဆောင်ကြရသည်။ မေတ္တာကိုရှေးရှုပြီး မေတ္တာရရှိအောင် နေထိုင်ပြုမူရမည်။ သူတစ်ပါးကို ကိုယ်ချင်းစာ၊ ကြင်နာပြီး ဦးစားပေးကာ ကူညီရန် လိုပေသည်။

နေ့စဉ်ဘဝကိုဖြတ်သန်းနေစဉ် အောင်မြင်မှုအတွက် အခွင့်အလမ်းများ အပါးမှာပျံ့သန်းနေပေသည်။ အခွင့်အလမ်းများ ဝန်းရံနေသည်။ အခွင့်အရေးကို အမိဖမ်းပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရမည်။

"ကျွန်တော်တို့တစ်တွေ ကိုယ်ပိုင်လုပ်နိုင်စွမ်းရှိသလောက် လုပ်ခဲ့မယ်ဆိုရင် ရလဒ်တွေအတွက် ပြန်ပြီးလေးစားအံ့အားသင့်လို့ဆုံးမှာ မဟုတ်ဘူး"ဟု သောမတ်စ်အယ်ဒီဆင်က ပြောကြားထားပေသည်။

ထို့ကြောင့် ဘဝမှာအောင်မြင်ပြီးကြီးပွားလိုကြသော ယနေ့ မျိုးဆက်သစ်လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် ကိုယ်ပိုင်လုပ်နိုင်စွမ်းရှိသလောက် အစွမ်းအစကို ထုတ်ယူလုပ်ဆောင်နိုင်ခြင်းအားဖြင့် အောင်မြင်ကြီးပွားချမ်းသာမှုကို မလွဲမသွေရရှိမည် ဖြစ်ပေတော့သည်။ ။

# အကျင့်ကောင်းရှိသူဖြစ်ချင်သလား

မောင်ထူးချွန်

အကျင့်ကောင်းဆိုတာ ကောင်းတာကို တွေးတောကျင့်ကြံခြင်းကို ဆိုလိုတာဖြစ်တယ်။ အကျိုးရှိတာကို တွေးရမယ်။ ကောင်းတာကို စဉ်းစားရမယ်။ အပြုသဘောဆင်ခြင်ရမယ်ကွယ့်။

အတွေးတစ်ခုထပ်ခါထပ်ခါပြု၊ အလုပ်တစ်ခုဖြစ်ပေါ်လာ။ အလုပ်တစ်ခုထပ်ခါထပ်ခါ ပြုဖန်များတော့ အကျင့်အနေနဲ့ စွဲမြဲလာတာပေါ့။ အကျင့်တွေစုပေါင်းတာ ဘဝပါပဲ။

တကယ်တော့ ဘယ်သူမဆို အဲဒီအကျင့်တွေနဲ့သာ ဘဝတစ်ခုကိုတည်ဆောက်ထားတာဖြစ်တယ်။

မောင်တို့ မယ်တို့အနေနဲ့ မိမိဘဝကို ဘယ်လိုရွေးချယ်ယူမလဲ၊ သေချာစွာရွေးချယ်ရမယ်။ ဘဝဆိုတာ အကျင့်နဲ့တည်ဆောက်ကြရတယ်။ အောင်မြင်တဲ့ဘဝတစ်ခုကို ရယူချင်ရင်တော့ အောင်မြင်သူတွေကျင့်သုံးသွားခဲ့ကြတဲ့ အလေ့အထကောင်းတွေကို သိနေရပေမပေါ့။

၁။ ရည်မှန်းချက်ပန်းတိုင်ထားရှိခြင်း။
၂။ ပြင်းပြထက်သန်တဲ့ ဆန္ဒရှိခြင်း။
၃။ အချိန်ကိုကောင်းစွာအသုံးချခြင်း။
၄။ အစီအစဉ်ရေးဆွဲဆောင်ရွက်တတ်ခြင်း။
၅။ ဖြစ်နိုင်တာကစလုပ်ခြင်း။
၆။ ပြီးဆုံးတဲ့တိုင်အောင် လုပ်ဆောင်ခြင်း။
၇။ ပေါ်လာတဲ့အခွင့်အလမ်းကို ဖမ်းယူဆုပ်ကိုင်တတ်ခြင်း။

အောင်မြင်သူတွေကျင့်သုံးခဲ့ကြတဲ့အလေ့အထခုနစ်ခုပါပဲ။ သိရတဲ့အခါ ဘာမှမခက်ပါလားလို့ ထင်မိလိမ့်မယ်။ လက်တွေ့ကျင့်သုံးလိုက်နာကြည့်လိုက်ပါ။

**၁။ ရည်မှန်းချက်ပန်းတိုင်ထားရှိခြင်း**

မိမိဖြစ်ချင်တာက ဘာလဲဆိုတာသိအောင်လုပ်ပြီး ပန်းတိုင်တစ်ခု သတ်မှတ်လိုက်ပါ။ ဖြစ်နိုင်ရင် စာနဲ့ရေးထား ဘာလို့မဖြစ်နိုင်စရာရှိမှာလဲ။ ဖြစ်နိုင်ရင် အိပ်ယာခေါင်းရင်း၊ စာအုပ်စင်၊ စာကြည့်စားပွဲ၊ သန့်စင်ခန်း၊ မီးဖိုခန်းတို့မှာပါ စာလုံးထင်ထင်ရှားရှားနဲ့ ကွန်ပျူတာစာစီ၊ ကော်ပီကူး၊ ပလတ်စတစ်လောင်းပြီးကပ်ထား၊ သူများတွေကမေးရင် မိမိရည်ရွယ်ချက်ပန်းတိုင်ကို ရဲရဲဖြေပေါ့။



**၂။ ပြင်းပြထက်သန်တဲ့ဆန္ဒရှိခြင်း**

အောင်မြင်မှုဟူသမျှဟာ လူတစ်ယောက်ရဲ့ ပြင်းပြထက်သန်တဲ့ စိတ်ဆန္ဒပါမှသာ ထမြောက်နိုင်ပါတယ်။ ထက်သန်တက်ကြွတဲ့ စိတ်အားထက်သန်မှု မပါဘဲ ဘာအောင်မြင်မှုမှမရနိုင်။ အောင်မြင်မှုတိုင်းရဲ့ အခြေခံအကျဆုံးအချက်က ခြေဖမိုးပေါ်မီးကျီးခဲကျသလို ဖြတ်ဖြတ်လူးအောင် ခုန်ဆွခုန်ဆွတက်ကြွရတာမျိုးပဲ။ စာမေးပွဲအောင်ချင်တယ်၊ ဂုဏ်ထူးပါချင်တယ်၊ ထက်သန်စွာကြိုးစားရင် အောင်မြင်ပြီး ဂုဏ်ထူးရတာပါပဲ။ ဘာမဆို စိတ်ပါလက်ပါ ထက်ထက်သန်သန် မဖြစ်မနေကြိုးစားမှ ရည်မှန်းချက်ကို ရရှိနိုင်တဲ့သဘော၊ လွယ်လွယ်နဲ့တော့ မရနိုင်ဘူးပေါ့။

**၃။ အချိန်ကိုကောင်းစွာအသုံးချခြင်း**

ဘဝဆိုတာအချိန်၊ အချိန်ဆိုတာဘဝ။ ကျန်းမာသန်စွမ်းတဲ့လူဆိုရင် ဘဝကိုကိုယ်ရည်မှန်းတဲ့ပန်းတိုင်သို့ ရောက်အောင်ကူးခပ်ရတာပဲ။ အချိန်ရသမျှ မနားတမ်းကြိုးစားအားထုတ်ရစမြဲပေါ့။ အချိန်ကို ကောင်းစွာခွဲဝေပြီး စနစ်တကျ အသုံးချရမယ်။ ပျော်ချင်တာပျော်ပေါ့။ မလွန်ကဲစေနဲ့။ သွားချင်ရာသွားပေါ့။ မများလွန်းစေနဲ့၊ အရေးကြီးတာ အရင်လုပ်ရမယ်။ အသေးအဖွဲကို အရေးကြီးတဲ့အလုပ်လောက် ဦးစားမပေးလေနဲ့။ ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲ အားမထုတ်ချင်နေ စနစ်တကျ တစ်ခုပြီး တစ်ခုလုပ်၊ သပ်ရပ်ပါစေ။ အချိန်ကို စနစ်တကျခွဲဝေပြီး သေချာစွာလုပ်ပါ။

**၄။ အစီအစဉ်ရေးဆွဲဆောင်ရွက်တတ်ခြင်း**

စီမံချက်သေသေချာချာရေးဆွဲပြီး အလုပ်လုပ်ပါ။ စီမံချက်ရေးဆွဲဖို့မပျင်းပါနဲ့၊ စီမံချက်ရေးဆွဲပြီးလုပ်ကြည့်ပါ။ လွယ်ကူချောမွေ့တယ်။ ဆောင်ရွက်သမျှအလုပ်တွေဟာ အားလုံးပဲချောချောမောမော အောင်မြင်လေ့ရှိတယ်။ ရှုံးခဲပါတယ်။ ရှုံးပွဲမရှိ။ လက်တွေ့အောင်မြင်မှုရရှိမှာဖြစ်တယ်။

**၅။ ဖြစ်နိုင်တာကစလုပ်ခြင်း**

အောင်မြင်ချင်ရင် ဇွဲတော့ရှိဖို့လိုတယ်။ မဖြစ်နိုင်သေးလို့ စိတ်ပျက်အားငယ်မနေရဘူး။ ဖြစ်နိုင်တာက စလုပ်ရမှာပဲ။ လဲတာကွဲတာလည်း ကြုံတွေ့ရတတ်တယ်။ လဲရင်ပြန်ထပေါ့။ ကိုယ့်အားကိုယ်ကိုးထူပါထပါ။ ကျနေလည်း အားမလျှော့နဲ့။ စာရေးဆရာကြီးလယ်တွင်းသားစောချစ်က သူဟာဆယ်တန်းစာမေးပွဲကို ခြောက်နှစ်တိတိ မဖြေဘဲရှုံးခဲ့ဖူးပါတယ်လို့ ဟောပြောဖူးပါတယ်။ နောက်တော့ ပီမိုးနင်းစာအုပ်တွေဖတ်ပြီး အောင်စိတ်နှလုံးသွင်းကာ အောင်ခဲ့တာ တက္ကသိုလ်လူရည်ချွန်နှစ်ထပ်ကွမ်းဆုတောင်ဆွတ်ခူးခဲ့သူပါ။ ထူးချွန်ခဲ့သူပေါ့။

**၆။ ပြီးဆုံးတဲ့တိုင်အောင်လုပ်ဆောင်ခြင်း၊**

အလုပ်တစ်ခုကို ပြီးဆုံးတဲ့အထိ စေ့စေ့စပ်စပ်သေသေချာချာ တိတိကျကျ လုပ်လေ့ရှိသူတွေဟာ အောင်မြင်တာပါပဲ။ ကလနားမသတ်ဘဲ ဘာမှအဆုံးအထိ မပြီးပြတ်အောင်လုပ်တတ်သူတွေဟာ မပေါက်မြောက်ကြဘူး။ ဆရာတစ်ဆူပါရဂူဖြစ်အောင် တစ်ခုခုကို တတ်မြောက်ကျွမ်းကျင်တယ်ဆိုမှ အရာရောက်ပါတယ်။

**၇။ ပေါ်လာတဲ့အခွင့်အလမ်းကို ဖမ်းယူဆုပ်ကိုင်တတ်ခြင်း**

ပေါ်လာတဲ့အခွင့်အရေးကို အခွင့်အလမ်းအဖြစ်မလွတ်တမ်း ဖမ်းယူဆုပ်ကိုင်နိုင်ရမယ်။ အစဉ်သင့်အဆင်သင့် နိုးကြားနေရမယ်။ အခွင့်အရေးကအမြဲတမ်းမပေါ်ဘူး။ အခွင့်အရေးက နှစ်ခါမပေးပါ။ တစ်ကြိမ်ချော်တာနဲ့ သူ့ဘဝတစ်သက်လုံး နောက်တစ်ဆင့်မတက်တော့ဘူး။ သတိရှိနေဖို့လိုတယ်။

မောင်တို့ မယ်တို့အနေနဲ့ အကျင့်ကောင်းအလေ့အထ ခုနစ်ချက်ကို လက်တွေ့ကျင့်သုံးကြည့်လိုက်ရင် အံ့သြလောက်အောင် ထူးခြားကောင်းကျိုးပေးတာတွေ့ရပြီး အကျင့်ကောင်းရှိသူ ဖြစ်လာပြီပေါ့ကွယ်။ ။

# ဒီနေ့ကို အပြောင်းမြောက်ဆုံးဖြစ်ပါစေ

• • • • • • • • • အောင်မြတ်စည်သူ • • • • • • • • •

ကျွန်တော်တို့အများစုသည် ကျွန်တော်တို့ဘဝများ တိုးပွားလာသည်ဟု ထင်ကြသည်။ ကျွန်တော်တို့ တစ်ခုခုဖြစ်မြောက်လာပြီဟု ထင်ကြသည်။ ကျွန်တော်တို့ဘဝများကို မီးခိုးတလူလူ မှုတ်ထုတ်နေသော ရထားတွဲရှည်ကြီးတစ်စင်းအဖြစ်မြင်ပြီး အချိန်မရွေး ရထားတွဲအသစ်များ ချိတ်နိုင်သည်။ ဘေးလမ်းတွင် တွဲဟောင်းများဖြုတ်ချထားနိုင်သည်ဟု ယူဆကြသည်။

သို့သော် ဘတ်စကက်ဘောလုံးလောက၏ ဂုဏ်ဆောင်ဘောသမား ဂျွန်ဝူးဒင်၏ဖခင်က သူ့ကို ‘နေ့စဉ်နေ့တိုင်းကို မင်းရဲ့ အပြောင်မြောက်ဆုံးနေ့ဖြစ်ပါစေ’ဟု ပြောကြားသောအခါ ဝူးဒင်သည် လေးလေးနက်နက် အချက်တစ်ချက်ကို သိလိုက်သည်။ ယင်းကား ဘဝဆိုသည်မှာ လတ်တလော ယခုဟူပင်ဖြစ်သည်။ ဘဝသည် နောက်တစ်ခဏနေမှ မဟုတ်ချေ။ ကျွန်တော်တို့လုပ်ချင်သမျှ လုပ်ရန်အတွက် အချိန်ရှိသည်ဟု တွေးခေါ်မြော်မြင်မိအောင် ကျွန်တော်တို့ကိုယ်ကျွန်တော်တို့ စိတ်ညှို့ထားနိုင်လေလေ ဘဝ၏အကောင်းဆုံးအခွင့်အလမ်းများကို အိပ်ပျော်လမ်းလျှောက် အမြင်ကန်းစွာ ကျွန်တော်တို့ ဖြတ်ကျော်သွားမိလေဖြစ်သည်။ ကိုယ်ထူကိုယ်ထ ဘဝတိုးတက်ရေးအားတို့သည် ယနေ့ကို ကျွန်တော်တို့အလေးထားမှု စီးဆင်းပေးသည်။

ဂျွန်ဝူးဒင်သည် အအောင်မြင်ဆုံး ကောလိပ်ဘတ်စကက်ဘောလုံးနည်းပြဖြစ်ခဲ့သည်။ သူ၏ UCLA အသင်းသည် ၁၂ နှစ်တာကာလအတွင်း အမျိုးသားချန်ပီယံဆု ၁၀ ဆု ဆွတ်ခူးရရှိခဲ့သည်။ ဝူးဒင်သည် သူ၏နည်းပြနှင့် ဘဝဒဿနအများစုအပိုင်းကို သူငယ်ဘဝက သူ့ဖခင်က သူ့ကိုသွန်သင်ခဲ့သော တစ်ခုတည်းသောဝါကျ “မင်းရဲ့တစ်နေ့တာတိုင်းကို အပြောင်မြောက်ဆုံးဖြစ်ပါစေ”အပေါ် အခြေခံတည်ဆောက်ခဲ့သည်။

တခြားနည်းပြများက သူတို့အားကစားသမားများအား အနာဂတ်တွင် ကစားရမည့်အရေးကြီးသည့်ကစားပွဲများအတွက် မောင်းလေ့ရှိသော်လည်း ဝူးဒင်သည်အမြဲတစေ ‘ယနေ့’ ကို ဇောင်းပေးခဲ့သည်။ UCLA တွင် သူ၏လေ့ကျင့်ခန်းပွဲစဉ်များသည် ချန်ပီယံပွဲစဉ်ပွဲများတမျှ အရေးပါခဲ့သည်။ သူ၏ဒဿနတွင် ယနေ့ကို ဘဝ၏ဂုဏ်ယူဖွယ် အကောင်းဆုံးနေ့ မဖြစ်သင့်ရာအကြောင်း မရှိချေ။ ကစားပွဲတွင် ကစားသလောက်ပြင်းပြင်းထန်ထန်ပင် လေ့ကျင့်ရေးပွဲများတွင် မကစားစရာအကြောင်းမရှိခဲ့ချေ။ သူသည် ကစားသမားတိုင်းကို ‘ဒီနေ့ငါအပြောင်မြောက်ဆုံးပဲ’ ဟုအတွေးဖြင့် ညစဉ် အိပ်ရာဝင်စေချင်ခဲ့သည်။

သို့သော် ကျွန်တော်တို့အများစုက ဤသို့မဖြစ်လိုကြချေ။ တစ်စုံတစ်ယောက်က ကျွန်တော်တို့ကို ယနေ့တာအား ကျွန်တော်တို့ဘဝတစ်ခုလုံးကို အကဲဖြတ်စရာ သာဓကအဖြစ် အသုံးပြုနိုင်ပါမည်လားဟု မေးမြန်းလာပါလျှင် ကျွန်တော်တို့က ‘ဟ မလုပ်နဲ့လေ။ ဒါ ကျွန်တော့်ရဲ့ နေ့ကောင်းရက်သာ တစ်နေ့တာမဟုတ်ဘူး။ ကျွန်တော့်ကို နောက်တစ်နှစ်၊ နှစ်နှစ် အချိန်ပေးဗျာ။ ကျွန်တော့်ဘဝကို ကိုယ်စားပြုချက်အဖြစ် ခင်ဗျားအသုံးပြုနိုင်မယ့် နေ့တစ်နေ့ ကျွန်တော်နေထိုင်ပြနိုင်လိမ့်မယ် ထင်တယ်’ ဟု အလန့်တကြား ဟန့်တားပေးသည်။

ကိုယ်ရေးအသွင်ကူးပြောင်းရေး၏ သော့ချက်ကား အသေးအမွှားဆုံးကိစ္စများကို လုပ်လိုသောဆန္ဒရှိခြင်းသာမက သည်နေ့လုပ်ချင်စိတ်ရှိရာတွင် တည်သည်။ အသွင်ကူးပြောင်းမှုသည် ဖြစ်လျှင်လည်းပီပီ၊ မဖြစ်လျှင်လည်းလုံးဝ ကစားပွဲတစ်ခု မဟုတ်ချေ။ တဖြည်းဖြည်းတိုးတက်မှုဖြစ်စဉ်နှင့် အလုပ်ဖြစ်သည်။ ဤနေရာတစ်တို့၊ ဟိုနေရာတစ်တို့သည် သင်၏နေ့တာ၊ သင်၏ဘဝကို မြင့်မြတ်စေသည်။ ယနေ့သည် သင့်ဘဝတစ်ခုလုံး၏ ပုံရိပ်ငယ်ပင်ဖြစ်သည်။ သင်သည် မွေးဖွားသောအခါ နိုးလာခဲ့ပြီး အိပ်ပျော်သောအခါတွင် သေဆုံးသွားမည်။ သင်၏ဘဝတစ်ခုလုံးကို တစ်နေ့တာအတွင်း ရှင်သန်နေထိုင်စေရန် ဤနည်းပုံစံရေးဆွဲထားခဲ့သည်။ ။

Ref: Let this day be the best by Steve Chandler

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

"အစ်ကို ထမင်းမစားတော့ဘူးဆို"

ကျောဘက်မှ အသံကြားရပြန်သည်။ ဂျော့၏ဇနီး အသံပင်။

နောက်သို့ လှည့်ကြည့်မိသည်။

တစ်ချိန်က မယ်တက္ကသိုလ်ဘွဲ့ရပြီး ယခုအခါ အဆမတန်ဝနေသော မောဘယ်သည် အခန်းအတွင်း ဝင်လာသည်။

"ကြည့်စမ်း။ ဒီလောက် နေမကောင်းနေတာတောင်၊ ဒီလောက်မိုးတွေရွာနေတာတောင် အနွေးထည် မဝတ်ဘူးကိုး။ တံခါးကိုလည်း ပိတ်ထားမှပေါ့။ အစ်ကိုက ကလေးကျနေတာပဲ"

မောဘယ်က စိုးရိမ်မကင်းဖြစ်မိသလို ဆိုသည်။ ထိုမိန်းကလေးသည် ဂျော့နှင့် စပ်၍ ခင်ရပေမဲ့ ကိုမောင်မောင်ဦးကို အစ်ကိုအရင်းချာလို သဘောထားနိုင်သည်။ ကပြားမကလေး ဖြစ်သည်နှင့် အညီ မကြိုက်တာရှိလျှင်လည်း ဒိုးဒိုးဒေါက်ဒေါက် ပြောတတ်ဆိုတတ်သည်။ ပွင့်ပွင့်လင်းလင်း ရှိသည်။မောဘယ်က ကိုယ်တိုင်တံခါးပိတ်မည်ပြုရာ ကိုမောင်မောင်ဦး သူ့အလျင်ပိတ်ပစ်လိုက်သည်။ အဘယ်ကြောင့်ဟူ၍မသိ။ သူ ထွေးထားခဲ့သော တံတွေးကို မောဘယ်မြင်မှာ စိုးသည်။

"ထမင်းမစားချင်နေပေါ့။ ဆန်ပြုတ်ပြုတ်ထားတယ်။ ဆန်ပြုတ်သောက်ပေါ့"

"ကိစ္စမရှိပါဘူး။ ဘာမှမစားချင်ဘူး"

"ဆရာဝန် ထပ်ပြကြည့်ပါဦးလားဟင်"

"ကိစ္စမရှိပါဘူး"

"ဒါဖြင့် ကော်ဖီသောက်"

"ကိစ္စမရှိပါဘူး"

"ကိစ္စမရှိပါဘူး လုပ်မနေပါနဲ့။ ကဲ အနွေးထည်အရင်ဝတ်။ ပြီးတော့ ကော်ဖီလာသောက် ဟုတ်လား"

ကိုမောင်မောင်ဦး ဘာမျှ မပြောတတ်တော့။ မောဘယ် အပြင်သို့ထွက်သွားသည်။ သူသည် အနွေးထည်ကို ကောက်ဝတ်လိုက်ရသည်။

ထမင်းဝိုင်းမှာ တစ်ခါတစ်ရံ ဗီဇာကြောင်သော ကလေးငယ်တစ်ယောက်ယောက်ကြောင့် စိတ်ညစ်စရာကောင်းတတ်ပေမဲ့ အများအားဖြင့် ပျော်စရာကောင်းသည်ချည်း ဖြစ်သည်။

စနေ၊ တနင်္ဂနွေလို နေ့မျိုးမှတစ်ပါး အခြားရက်များ၌ နံနက်စာထမင်းဝိုင်းတွင် ဂျော့မပါဝင်တတ်ပေ။ သူ့ကိုညနေစာထမင်းဝိုင်း၌သာ တွေ့ရတတ်သည်။ သို့ပေမဲ့ ကလေးသုံးယောက်နှင့် မောဘယ်




တို့၏ ထမင်းဝိုင်းမှာ စည်စည်ကားကားရှိသည်ချည်း။ မိခင်လို အစားသန်သောကလေးများအဖို့ တစ်ခါတစ်ရံ စားမာန်ခုပ်ရသည်ကလွဲပြီး ထမင်းမြိန်သည်ချည်းပင်။

သူတို့ဆုတောင်းအပြီး၌ ထမင်းဝိုင်းသို့ ကိုမောင်မောင်ဦး ရောက်လာသည်။ ဂျော့ရော မောဘယ်ပါ ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြသည်။ ထမင်းမစားမီ အိပ်ရာမဝင်မီ ၎င်းတို့ဘာသာထုံးစံအရ ဆုတောင်းကြသည်။

မောဘယ်က ကိုမောင်မောင်ဦးအတွက် ကော်ဖီတစ်ခွက်နှင့် ပေါင်မုန့်ထောပတ်သုတ် နှစ်ချပ်ပြင်ပေးထားသည်။ ကိုမောင်မောင်ဦး ကော်ဖီတစ်ကျိုက် သောက်သည်။

"လေးလေး ဘယ်ဘုရား ရှိခိုးသလဲဟင်"

ပူစူးမ၏ အမေး။

ထိုအမေးကြောင့် ကျန်ကလေးများကပါ ကိုမောင်မောင်ဦးကို ဝိုင်းကြည့်ကြသည်။

"ဘာဖြစ်လို့လဲ ပူစူးမ"

"ပူစူးမ လေးလေးကို ကြည့်နေတာကြာပြီ။ ထမင်းစားရင်လည်း ဆုမတောင်းဘူး။ အိပ်ရာဝင်ရင်လည်း ဘုရားရှိမခိုးဘူး။ လေးလေးမှာ ဘုရားမရှိဘူးလားဟင်"

ပူစူးမ၏ စပ်စပ်စုစုနိုင်သော စကားကြောင့် ကိုမောင်မောင်ဦး ပြုံးမိသည်။ သူ့အနေနှင့် အဖြေမပေးရသေးခင် မောဘယ်ကဝင်၍ အဖြေပေးသည်။

"ဟုတ်တယ်။ နင်တို့လေးလေးမှာ ဘာဘုရားမှ မရှိဘူး။ ဒါကြောင့် ဒီအသက်၊ ဒီအရွယ်အထိ မိုက်နေတာ မတွေ့ဘူးလား"

သည်စကားကြောင့်လည်း ရယ်မိပြန်သည်။

"ဒါဖြင့် လေးလေးသေရင် ငရဲပြည်ကို ရောက်မှာပဲနော်"

"ဟင်"

ကိုမောင်မောင်ဦး တုန်လှုပ်သွားသည်။ ချောက်ချားသွားသည်။ သူသည် တုန်တုန်လှုပ်လှုပ် အမူအရာဖြင့် ပူစူးမကို ကြည့်လိုက်မိသည်။

"ဘုရားရှိမခိုးရင် ငရဲကြီးတတ်တယ်တဲ့။ ဒယ်ဒီကပြောတယ်။ လေးလေးမှာ ဘုရားတောင်မရှိတော့ ငရဲတွေ သိပ်ကြီးနေမှာပဲ။ သေရင် ငရဲပြည်ကိုရောက်မှာ ကျိန်းသေပဲ"

လက်မြန်သောမောဘယ်က ပူစူးမ၏ ခေါင်းကို လှမ်းခေါက်လိုက်သည်။

"မိပူစူးနော်။ တွေ့ကရာတွေ လျှောက်ပြောမနေနဲ့၊ တော်တော့"

မောဘယ်သည် ကိုမောင်မောင်ဦး၏ မျက်နှာကို မကြည့်မိ၍သာ သည်ကိစ္စမှာ သည်မျှနှင့် ပြီးစီးသွားခဲ့ခြင်းဖြစ်သည်။ အကယ်၍ ကြည့်မိပါလျှင် သည်ကိစ္စ သည်မျှနှင့် ပြီးစီးလိမ့်မည်မထင်။

ကိုမောင်မောင်ဦးသည် ပေါင်မုန့်ကို ဆက်၍မစားနိုင်။ ချောင်းဆိုးချင်စိတ် လှမ်းမိုးလာသောကြောင့် ထိုင်ရာမှ ထရသည်။ အိပ်ခန်းအတွင်း ဝင်လာခဲ့သည်။ အားပါးတရ ချောင်းဆိုးမိသည်။ သည်တစ်ခါ တံတွေးကိုမကြည့်ရဲတော့။ မကြည့်ဝံ့တော့။

သူသည် အိပ်ရာတွင် လဲလျောင်းလိုက်သည်။

နားမှာ ပူစူးမပြောခဲ့သောစကားကို ကြားယောင်သည်။ ဆရာဝန်၏ သတိပေးစကားကိုလည်း အမှတ်ရလာမိပြန်သည်။

အဘယ်ကြောင့်ဟူ၍ မသိ။ သည်တစ်ကြိမ်လောက် အားငယ်ပင်ပန်းမှုမျိုးနှင့် သူ့တစ်သက်တာတွင် တစ်ကြိမ်မျှ မဖြစ်ပေါ်စဖူး။ တစ်ကြိမ်မျှ မခံစားရစဖူးဖြစ်ချေသည်။

စင်စစ်တွင်လည်း ဂျော့နှင့် ပြန်လည်ကြုံကြိုက်ရကာ ၎င်း၏ မိသားစုနှင့် အတူတကွ နေထိုင်ရပြီဆိုတော့ မိမိ၏ အထီးကျန်ဆန်လှသောဘဝကို ပြန်လည်ဆန်းစစ်မိသည်။ သူတို့၏ဘဝကို အားကျလာသလိုရှိသည်။ တွတ်တီးတွတ်တာနိုင်သော ကလေးငယ်များကြောင့် အိမ်တွင် သာယာချမ်းမြေ့တတ်သည်ကို လည်းကောင်း၊ တစ်ခါတစ်ရံ စိတ်ညစ်ဖွယ်များကြားမှ ရယ်မောရွှင်ပျရသည်ကို လည်းကောင်း တွေ့ရမြင်ရသည်။ ကြည်နူးဝမ်းမြောက်ဖွယ်များသည် သူတို့နှင့် ပတ်သက်၍ တစ်ကြိမ်မဟုတ်တစ်ကြိမ် ပေါ်ပေါက်တတ်မြဲပင်။

ယခင်ကတော့ အမှုမဲ့အမှတ်မဲ့ ရှိမိခဲ့သည် အမှန်ပင်။ အရက်ဆိုင်၌လည်းကောင်း၊ ဖဲဝိုင်း၌ လည်းကောင်း၊ မိန်းကလေးတို့၏ထွေးနွေးညှို့သက်သောရင်ခွင်၌လည်းကောင်းပျော်ရွှင်ချမ်းမြေ့ဖွယ်ကို ရှာ၍တွေ့ခဲ့သည် ထင်မိ၏။ ယင်းသံသရာ၌ ကျင်လည်ရင်း ဘဝဟူသည်သည်သို့ပါတကားဟုကောက်ချက်ချမိခဲ့၏။

ဂျော့နှင့်ပြန်လည် ဆုံတွေ့မိကြသည်။ ယခုတစ်ကြိမ် ဆုံတွေ့ကြချိန်၌ ဂျော့သည် မိသားစုနှင့် သိုက်သိုက်ဝန်းဝန်း ဖြစ်နေသည်။ ဤသည်ကို မြင်တွေ့ရသောအခါတွင်မှ ဘဝဟူသော အဓိပ္ပာယ်တွင် အခြား နက်ရှိုင်းကျယ်ဝန်းသောဖြစ်ရပ်တို့ ရှိသေးသည်ကို သဘောပေါက်သည်။ မိမိ၏ အထီးကျန်ဆန်လှသော အခြေအနေကို ဆန်းစစ်ခွင့်ရလာသည်။ ထိုအခါ မိမိကိုယ်ကို နာကြည်းမိခဲ့သည်လည်းရှိ၏။ မိမိ၏ ကုန်လွန်ခဲ့သော အချိန်များကို နှမြောတသရခြင်းတို့သည်လည်း ပေါ်ပေါက်လာခဲ့၏။

ဂျော့က သူ၏ကလေးများကို ဖက်ယမ်းနမ်းရှုပ်သည်၊ ချီပိုးထွေးပိုက်သည်တို့ကို မြင်တွေ့ရလေလျှင် ရင်မှာ ဆွတ်ပျံ့ကြည်နူးရခြင်းကို ခံစားရသည်။ သူတို့မိသားစုတစ်တွေ သိုက်သိုက်ဝန်းဝန်း နေကြထိုင်ကြသည်ကို မြင်ရလေလျှင် မိမိကိုယ်ကို ပို၍ အထီးကျန်ဆန်သည် ထင်မိပြန်၏။ တစ်ဆက်တည်းမှာပင် လွမ်းမောဖွယ်သော၊ တမ်းတဆွတ်ကျင်ဖွယ်သော အတိတ်ဖြစ်ရပ်တို့သည် နှလုံးသည်းပွတ်သို့ လှိုင်းဂယက်နှယ် ရိုက်ခတ်လာတတ်မြဲ။

"လေးလေး"

ပူစူးမ၏အသံကို ကြားရသည်။

ကိုမောင်မောင်ဦး မှေးမှိတ်ထားသော မျက်လုံးများကို ဖွင့်ကြည့်လိုက်သည်။

ပူစူးသည် ခုတင်နှင့် မနီးမဝေးတွင် ရပ်နေသည်။ ထိုကလေးမ၏ အမူအရာကို ကြည့်ရသည်မှာ တစ်မျိုးဖြစ်နေသည်။ ထူးခြားနေသည်။

မျက်နှာကလေးမှာ ညှိုးလျှနေသည်။ မျက်ဝန်းကလေးများက တောက်ပနေသည်။ မျက်ရည်ကြည် ဝေ့လည်နေသလိုရှိသည်။ မျက်ဝန်းကလေးများမှာ စကားဆိုနေသည့်နှယ် ရှိသည်။ များစွာသော အဓိပ္ပာယ်တို့ကို သိုမှီးထားသည့်နှယ် ဖြစ်သည်။

ကိုမောင်မောင်ဦး အိပ်ရာမှ ထထိုင်လိုက်သည်။ ပူစူးမကို ပွေ့ဖက်ရန် လက်ဆန့်တန်းလိုက်သည်။ အခါတိုင်းက လက်ဆန့်တန်းလိုက်လျှင် ရင်ခွင်သို့ပြေးဝင်မြဲဖြစ်ပါလျက် ယခုအခါ ဆုတ်ဆိုင်းနေသည်။

ပူစူးမ၏ လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ကာ ဆွဲယူလိုက်သည်။ မျက်နှာချင်းဆိုင်လိုက်သည်။ အခါတိုင်းလည်ပင်းကို သိုင်းဖက်လျက် ပါးပြင်ကို မွှေးကြူလာတတ်မြဲ ဖြစ်ပါလျက် ယခုအခါ ပူစူးမ၏ကိုယ်ကလေးမှာ မာမာတောင့်တောင့် ဖြစ်နေသည်။

"ပူစူး မာမီနဲ့ စိတ်ကောက်လာသလားဟင်"

ကိုမောင်မောင်ဦး မေးသည်ကို ပူစူးခေါင်းခါ အဖြေပေးသည်။

"ဘိုနီက စလို့လား"

"ဟင့်အင်း"

"ဒါဖြင့် ပူစူး ဘာဖြစ်လာသလဲ လေးလေးကိုပြောစမ်း"

ပူစူးမ ရုတ်တရက် စကားမပြော။ ကိုမောင်မောင်ဦး၏ မျက်နှာကိုသာ စူးစိုက်ကြည့်နေသည်။ ပြီးမှ မေးသည်။

"လေးလေး ပူစူးကို စိတ်ဆိုးတယ် မဟုတ်လား"

"ဟင်"

"စောစောက ပူစူးပြောတာကိုလေးလေး သဘောမကျဘူးမဟုတ်လား"

"ဘာကိုလဲ ကလေးရယ်"

"လေးလေး ငရဲကြီးမယ်ဆိုတာလေ"

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**❛ စင်စစ်တွင်လည်း ဂျော့နှင့် ပြန်လည်ကြုံကြိုက်ရကာ ၎င်း၏မိသားစုနှင့် အတူတကွနေထိုင်ရပြီဆိုတော့ မိမိ၏ အထီးကျန်ဆန်လှသောဘဝကို ပြန်လည်ဆန်းစစ်မိသည်။ သူတို့၏ဘဝကို အားကျလာသလိုရှိသည်။ တွတ်တီးတွတ်တာနိုင်သော ကလေးငယ်များကြောင့် အိမ်တွင် သာယာချမ်းမြေ့တတ်သည်ကို လည်းကောင်း၊ တစ်ခါတစ်ရံ စိတ်ညစ်ဖွယ်များကြားမှ ရယ်မောရွှင်ပျရသည်ကိုလည်းကောင်း တွေ့ရမြင်ရသည်။ ကြည်နူးဝမ်းမြောက်ဖွယ်များသည် သူတို့နှင့်ပတ်သက်၍ တစ်ကြိမ်မဟုတ်တစ်ကြိမ် ပေါ်ပေါက် . . . ❜**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၂ ခုနှစ်၊ ဇွန်လ ၇ ရက်

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ သွားလာပို့ဆောင်ရေးဌာန၊ အချက်ပြနှင့်ဆက်သွယ်ရေးဌာနခွဲတွင် လစ်လပ်လျက်ရှိသောရာထူးနေရာများအတွက် အောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။ လုပ်ငန်းသဘာဝအရ အမျိုးသားများသာ လျှောက်ထားနိုင်ပါသည်-

| ရာထူး | လစာနှုန်း(ကျပ်) | ခန့်အပ်မည့်ဦးရေ |
|---|---|---|
| အငယ်တန်းအင်ဂျင်နီယာ(၄) အလုပ်သင် | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | (၉) |

၂။ **အရည်အချင်းသတ်မှတ်ချက်**
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) (၁-၆-၂၀၂၂)ရက်နေ့တွင် အသက် (၃၀) နှစ်ထက် မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး မျက်မှန်တပ်ဆင်သူများ မဖြစ်စေရ။
(ဃ) အနိမ့်ဆုံးပညာအရည်အချင်း AGTI ( EP, EC, Mechatronic ) အောင်မြင်ထားသူများ ဖြစ်ရမည်။
(င) မြန်မာ့မီးရထား၊ သွားလာပို့ဆောင်ရေးဌာန၊ အချက်ပြနှင့်ဆက်သွယ်ရေးဌာနခွဲရုံးချုပ်နှင့် တိုင်းအသီးသီးတွင် နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ သတ်မှတ်လျှောက်လွှာပုံစံကို မြန်မာ့မီးရထား(ရုံးချုပ်)၊ သွားလာပို့ဆောင်ရေးဌာန၊ အချက်ပြနှင့်ဆက်သွယ်ရေးဌာနခွဲ၊ နေပြည်တော်ဘူတာကြီးတွင်ရယူ၍ လျှောက်ထားနိုင်ပါသည်။

၄။ လျှောက်ထားသူသည် သတ်မှတ်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-
(က) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ
(ခ) လွန်ခဲ့သော(၆)လအတွင်းရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ (၃) ပုံ (ကျောဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးအမှတ်ရေးရန်)
(ဂ) ပညာအရည်အချင်းအတွက် ဘွဲ့၊ ဒီပလိုမာအောင်လက်မှတ်မိတ္တူနှင့် တက္ကသိုလ်ဝင်တန်း (သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
(ဃ) နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)မဟုတ်သူများအတွက် သက်တမ်းရှိအလုပ်သမားမှတ်ပုံတင် ကတ်ပြားမိတ္တူနှင့် လွန်ခဲ့သော (၁)လအတွင်းရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက် (မူရင်း)

၅။ လျှောက်လွှာများကို မြန်မာ့မီးရထား(ရုံးချုပ်)၊ သွားလာပို့ဆောင်ရေးဌာန၊ အချက်ပြနှင့်ဆက်သွယ်ရေးဌာနခွဲ၊ ဒုတိယအထွေထွေမန်နေဂျာ(အချက်ပြနှင့်ဆက်သွယ်ရေး)ထံ လိပ်မူ၍လည်းကောင်း၊ (၈-၇-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှ မှတ်ပုံတင်၍ ပေးပို့လျှောက်ထားရမည်။ ဝန်ထမ်း(အမြဲတမ်း)များသည် သက်ဆိုင်ရာအဖွဲ့အစည်းအကြီးအကဲမှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများကို လက်ခံထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ ရေးဖြေစာမေးပွဲကို မြန်မာ့မီးရထား(ရုံးချုပ်)၊ နေပြည်တော်ဘူတာကြီးတွင် အောက်ပါအတိုင်း ကျင်းပပြုလုပ်ပါမည်-

| | နေ့ရက် | ဘာသာ | အချိန် |
|---|---|---|---|
| (က) | ၁၅-၇-၂၀၂၂ | မြန်မာစာ | နံနက်(၉:၀၀)နာရီမှ(၁၁:၀၀)နာရီထိ |
| (ခ) | ၁၅-၇-၂၀၂၂ | အင်္ဂလိပ်စာ | မွန်းတည့်(၁၂:၀၀)နာရီမှ(၁၄:၀၀)နာရီထိ |
| (ဂ) | ၁၅-၇-၂၀၂၂ | အထွေထွေဗဟုသုတ | ညနေ(၁၅:၀၀)နာရီမှ(၁၇:၀၀)နာရီထိ |

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၁၁-၇-၂၀၂၂)ရက်နေ့မှ (၁၄-၇-၂၀၂၂)ရက်နေ့ ရုံးချိန်အတွင်း ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဘွဲ့လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်ကတ်(မူရင်း)များ ပြသ၍ မြန်မာ့မီးရထား (ရုံးချုပ်)၊ သွားလာပို့ဆောင်ရေးဌာန၊ အချက်ပြနှင့်ဆက်သွယ်ရေးဌာနခွဲ၊ နေပြည်တော်ဘူတာကြီးတွင် ထုတ်ယူနိုင်ပါသည်။ ဝင်ခွင့်စာမေးပွဲကတ်ပြား ထုတ်ပေးချိန်တွင် စာမေးပွဲဖြေဆိုရမည့်နေရာကို ကြေညာထားပါမည်။

၈။ ရေးဖြေအောင်မြင်ပါက လူတွေ့စစ်ဆေးမှု ဆက်လက်ပြုလုပ်မည်ဖြစ်သည်။ ဖြေဆိုခွင့်ရရှိသူများစာရင်း၊ ရေးဖြေအောင်မြင်သူများစာရင်းနှင့် လူတွေ့ဖြေဆိုရမည့်စာရင်း၊ လူတွေ့ဖြေဆိုရမည့် နေ့ရက်၊ နေရာနှင့် အချိန်၊ ရွေးချယ်ခံရသူများစာရင်းတို့အား မြန်မာ့မီးရထား(ရုံးချုပ်)၊ သွားလာပို့ဆောင်ရေးဌာန၊ အချက်ပြနှင့်ဆက်သွယ်ရေးဌာနခွဲတွင် ကြေညာပေးမည်ဖြစ်ပါသည်။

၉။ ရွေးချယ်ခံရပါက ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာတွင် သင်တန်းကာလ (၂၃)ပတ် သင်တန်းတက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက်စဉ်ကာလအတွင်း လစာနှုန်းကျပ်(၁၈၀၀၀၀/-)ဖြင့် စတင်ခံစားရမည်ဖြစ်ပါသည်။ မြန်မာ့မီးရထားတွင် အနည်းဆုံး (၅)နှစ် တစ်ဆက်တည်းတာဝန်ထမ်းဆောင်နိုင်ရမည်။

၁၀။ အသေးစိတ်စုံစမ်းမေးမြန်းလိုပါက မြန်မာ့မီးရထား(ရုံးချုပ်)၊ နေပြည်တော်ဘူတာကြီးရှိ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-
- ဖုန်း ၀၆၇- ၇၇၀၆၉၊
- ဖုန်း ၀၆၇- ၇၇၁၀၇။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၁၊ မြေကွက်အမှတ်-၈၀၄၊ ဧရိယာ ပေ(၄၀x၆၀)ကေ မြေကွက်တည်နေရာအမှတ်-၈၀၄၊ မင်္ဂလာလမ်း၊ ကုလားကြီးစုကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ (ဒေါ်စိုးစိုးအေး) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်စိုးစိုးအေးထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်နန်းရှုန်းနွမ်း [၁၃/ကတန(နိုင်)၀၇၅၇၀၅]မှ မြေချပါမစ်မူရင်းမှာ သိမ်းဆည်းမှုအထားအသိမှားယွင်းကာ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ပြန်လည်ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လွှဲဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းမည်ဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာနှင့် ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်တို့ကိုတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

သန်လျင်မြို့နယ်၊ အ.ထ.က(၂)၊ တတိယတန်း(A)မှ ဦးညီညီမင်းထိုက် [၁၄/ပသန(နိုင်)၁၇၅၉၆၆]၏သမီး မသန့်သုခြွေထိုက်အား မဂျူးဂျူးသဲသုန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မဂျူးဂျူးသဲသုန်**

မိဘမေတ္တာ
ဒဂုံမြို့သစ်ဆိပ်ကမ်း၊အရှေ့ပိုင်း၊
တောင်ပိုင်း၊မြောက်ပိုင်း၊
ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်လိုသည်။
09 422 848 224




## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း လက်အောက်ရှိ ဓာတ်အားပေးစက်ရုံများ၏ Excitation System အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား (DDP At Site) (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ဆောင်ရွက်မည့်လုပ်ငန်း |
|---|---|---|
| (က) | Tender No. 12(T)/ EPGE/ 2022-2023 | ဇောင်းတူဓာတ်အားပေးစက်ရုံ၏ စက်(၁)လုံးအား Excitation System အဆင့်မြှင့်တင်ခြင်းလုပ်ငန်း |
| (ခ) | Tender No. 13(T)/ EPGE/ 2022-2023 | အထက်ပေါင်းလောင်းဓာတ်အားပေးစက်ရုံ၏ စက်(၁)လုံးအား Excitation System အဆင့်မြှင့်တင်ခြင်းလုပ်ငန်း |

၂။ ဆောင်ရွက်မည့်လုပ်ငန်းများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ ၁၃:၀၀နာရီ နောက်ဆုံးထား၍ **(လူကိုယ်တိုင်)** လာရောက်တင်သွင်းရမည်။
၃။ တင်ဒါပိတ်ရက်နှင့်အချိန် - ၂၈-၆-၂၀၂၂ ရက်၊ ၁၃:၀၀နာရီ
၄။ တင်ဒါလက်ခံမည့်နေရာ - လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ရုံးအမှတ်(၂၇)၊ နေပြည်တော်
၅။ တင်ဒါပုံစံများအား **(၈-၆-၂၀၂၂)** ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန ဝက်ဆိုဒ် **(www.moee.gov.mm)** တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ (ဖုန်း-၀၆၇-၈၁၀၄၂၇၉)**

## ပျောက်ဆုံးကြောင်း

ဦးဝင်းမင်းနိုင် (ဘ) အေးချို[၈/ဆပဝ(နိုင်)၀၆၅၃၃၉]၏ စက်ခန်းအုပ်-စမပ-၁၃၃/၁၁(၁၃-၇-၂၀၁၁)နှင့် သင်္ဘောသားစာအုပ် ရန်-၁၃၁/၉၉မှာ ခရီးသွားစဉ် ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။
**Ph:09-441238743**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ထက်ထက်ဦး [၉/တကန(နိုင်)၂၄၃၈၅၃]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
**ဖုန်း-၀၉-၈၈၀၃၁၂၀၈၉**

## ဦးနိုင်ဝင်း(ဘ) ဦးရွှေမင်း[၁၂/ပဇတ(နိုင်)၀၀၁၀၈၄]နှင့် အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်-၂၂၁/၂၂၃ မြေညီတွင် နေထိုင်ကွယ်လွန်ခဲ့ကြသူများဖြစ်သော (ဦးရွှေမင်းနှင့် ဒေါ်မြင့်မြင့်စိုး)တို့တွင် ဦးနိုင်ဝင်း [၁၂/ပဇတ(နိုင်)၀၀၁၀၈၄]နှင့် ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မြတ် [၁၂/ပဇတ(နိုင်)၀၀၁၀၈၅]နှင့် ဒေါ်အေးသက်ချို [၁၂/ပဇတ(နိုင်)၀၂၆၄၂၇]တို့ (၃)ဦး အမွေစား၊ အမွေခံအဖြစ် ကျန်ရစ်ခဲ့ပါသည်။

မိဘများကွယ်လွန်ချိန်တွင် ရွှေ့ပြောင်းနိုင်သော (စိန်ထည်၊ ရွှေထည်၊ မော်တော်ကား၊ "ဦးရွှေမင်းနှင့်သားများစက်မှုလက်မှုလုပ်ငန်း"နှင့် လုပ်ငန်းသုံးစက်ပစ္စည်းများဖြစ်သည့် တွင်ခုံများနှင့် ဘဏ်ငွေစာရင်းရှိငွေသားများ) ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများဖြစ်သည့်-
(က) ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ သာယာကုန်းလမ်း၊ မြေတိုင်းရပ်ကွက်(၁၀-ဂျေ-၃) မြေကွက်အမှတ်(၆)၊ အိမ်အမှတ်(၃၆) နှင့် (၃၄-ဂ)ရှိ မြေကွက်နှင့် တိုက်ခန်း(၅)ခန်း၊ နေကြာသာယာကုန်းလမ်း၊ မြေကွက်အမှတ်(၁၆)၊ အိမ်အမှတ်(၄)ရှိ မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး၊
(ခ) ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဗိုလ်တထောင်ဘုရားလမ်းရှိ အိမ်အမှတ်(၂၂၁/၂၂၃)၊ မြေညီရှိ တိုက်ခန်း(၁)ခန်း၊
(ဂ) ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စက်မှုဇုန်(၂)၊ မြေတိုင်းရပ်ကွက်အမှတ်(၆၃)ရှိ မြေကွက်အမှတ်(၁၀၂၈၊ ၁၀၃၀၊ ၁၀၃၂) မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အဆောက်အဦအပါအဝင် ဆက်စပ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။
(ဃ) ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၅)၊ မင်းကွန်းလမ်း၊ မြေကွက်အမှတ်(၁၃၇၅-ခ)နှင့် ပြည်ထောင်စုလမ်းမ၊ မြေကွက်အမှတ်(၉၅၇)ဟုခေါ်တွင်သော မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့သည် မခွဲဝေရသေးသည့် အမွေပစ္စည်းများအဖြစ် ကျန်ရှိခဲ့ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အမွေကျန်ပစ္စည်းများဖြစ်သော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများနှင့် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများသည် အမွေပစ္စည်းအဖြစ် ကျန်ရှိပြီး၊ အမွေဆိုင်တစ်ဦးဖြစ်သူ ဦးနိုင်ဝင်းမှ ရောင်းချရန်စီစဉ်နေကြောင်း ကြားသိရပါသဖြင့် အထက်ဖော်ပြပါ ပစ္စည်းများကို ကျန်အမွေဆိုင်မောင်နှမများဖြစ်သော ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မြတ်နှင့် ဒေါ်အေးသက်ချိုတို့၏ သဘောတူခွင့်ပြုချက်မရှိဘဲ ဖြိုဖျက်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အခြားနည်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းခြင်း၊ အမွေကျန်ပစ္စည်းများကို အကြောင်းပြု၍ စီးပွားရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ အခြားသူတစ်ဦးဦးသို့ ဆောင်ရွက်ခွင့်ပေးခြင်းတို့ကို မပြုလုပ်ရန် ဦးနိုင်ဝင်း[၁၂/ပဇတ(နိုင်)၀၀၁၀၈၄]နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်မြတ်၊ ဒေါ်အေးသက်ချိုတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်ချို**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၆၀)**
**အမှတ်-၇၉၀၊ မာဃ(၈)လမ်း၊ ၁၂-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၁၂၁၄၃၆**

KMA
ဒဂုံမြို့သစ်
ဆိပ်ကမ်း၊ တောင်ပိုင်း
အရှေ့ပိုင်း၊ မြောက်ပိုင်း
မြေကွက်များ ဝယ်ယူလိုပါသည်။
ပွဲခ(လုံး၀)ပေးရန်မလိုပါ။
အိမ်တိုင်ယာရောက် ဝယ်ယူလိုပါသည်။
09-5027066

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈/U-9)ရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်(၅၆)၏ မြေအကျယ်အဝန်း ပေ(၆၆x၈၀)ရှိ ဦးစိုးဝင်း၊ ဒေါ်ပပဝင်းတင်တို့၏ အမည်ပေါက် နှစ်(၆၀)ဂရန်မြေ အမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်သော ဦးစိုးဝင်း[၅/ရဘန(နိုင်)၁၀၉၉၉၈]နှင့် ဒေါ်ပပဝင်းတင် [၁၂/ရကန(နိုင်)၀၂၂၅၃၂]တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**REALITY KING LAW FIRM**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)** |
| **(LL.B, D.I.L)** | **(LL.B, D.B.L, D.I.L, WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၅၇၇၅၁၂၄၁**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ မြို့မတောင်ရပ်ကွက်၊ ဖို့မြေလမ်း၊ အမှတ်(၃၄)တွင်တည်ရှိသည့် အကွက်အမှတ်(၁၃)၊ မြူနီစီပယ်ဈေးကွက်၊ ဦးပိုင်အမှတ်(၇၄/၁)၊ မြေကွက်အမှတ်(၁၅၉)၊ ဧရိယာ(၀.၀၇၆)ကေရှိ ဦးမြရွှေ(ဘ) ဦးကြိုင်အမည်ပေါက် ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူဖြစ်သော ဦးမြရွှေ(ဘ)ဦးကြိုင်[၁၂/ကတန(နိုင်)၀၀၈၈၁၁]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးသန်းမြင့်(ခ)ဘုရာဟန်(ဘ) ဦးမဟာမက်ယူဆုပ် [၁၂/သကတ(နိုင်)၁၃၉၁၇၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးထွန်းလှ (LL.B)** | **ဒေါ်သီရိဦး(LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၁၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)** |

**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၀၁၉၇၈၆၊ ၀၉-၇၉၉၂၂၉၁၈၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ သရေခေတ္တရာ(၂၄)လမ်း၊ မြေကွက်အမှတ်-(၈၁၈)၊ ခြေရင်းခြမ်း၊ မြေကွက်အမှတ် (၈၁၉)နှင့် ကပ်လျက်ဘက်အခြမ်း၊ မြေအကျယ်အဝန်း(၁၃ပေ ၄လက်မx၆၀ပေ)၊ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးကုလား၊ ဦးတင်မြင့်၊ ဦးမြကြည်အမည်များဖြင့် ပူးတွဲအမည်ပေါက် မှတ်သားတည်ရှိပြီး ဦးမြကြည် ပိုင်ဆိုင်သော အစုအား ဦးမောင်ညိုမှ "နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဝယ်ယူခဲ့ပိုင်ဆိုင်ခဲ့ပါသည်။ ခင်ပွန်းဖြစ်သူ ဦးမောင်ညိုမှာ ကွယ်လွန်သွားပြီးဖြစ်သဖြင့် ၎င်း၏တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်တင်ရွှေ[၁၂/ဥကတ(နိုင်)၀၉၆၂၉၈]မှ အမွေဆက်ခံပိုင်ဆိုင်လာပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည် (LL.B)** | **ဒေါ်ကေကေနိုင်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၃၃၄၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဓါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ ပုဂံ(၂၈)လမ်း၊ မြေကွက်အမှတ်(၆၀၃/ခ)၊ မြေအကျယ်အဝန်း (၂၀ပေx၆၀ပေ) ရှိ နှစ်(၆၀) မြေငှားဂရန် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတွဲ (၃) ထပ်ခွဲတိုက်အဆောက်အဦမှ မြေညီထပ်၊ အကျယ်အဝန်း (၁၈ပေx၅၄ပေ)၊ အမြင့် (၉ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ်တပ်ဆင်ပြီးသော ပစ္စည်းများနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးဇော်ဝင်း [၉/မရတ(နိုင်)၀၀၈၁၆၅] သည် (၂၂-၈-၂၀၁၇) ရက်နေ့တွင် "နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ဦးဇော်ဝင်းမှာ (၁၄-၈-၂၀၂၁) ရက်နေ့တွင် ကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်ဝင်းဝင်းမာ [၁၄/ဝခမ(နိုင်)၀၀၅၇၂၀]မှ အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိလက်ဝယ် ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည် (LL.B)** | **ဒေါ်ကေကေနိုင် (LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၃၃၄၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဓါလမ်း (၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

တိုင်းရင်းသားလူမျိုးစုများစွာ မှီတင်းနေထိုင်လျက်ရှိသည့် မိမိတို့နိုင်ငံအတွက် အချင်းချင်း သွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီး မပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာရရှိခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူပင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်ကျရောက်သော (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်) ၁၂-၂-၂၀၂၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ စီးပွားရေး
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## စစ်ကိုင်းမြို့နယ် တစ်အိမ်တည်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအတွင်းရှိ ကျောင်းသုံးဗလာစာအုပ်များအပါအဝင် သင်ထောက်ကူပစ္စည်းများအား PDF အမည်ခံ အကြမ်းဖက်သမားများက ဝင်ရောက်ဖျက်ဆီး

နေပြည်တော် ဇွန် ၆

မျိုးဆက်သစ် ရင်သွေးငယ်များ၏ ပညာရေးတွင် နောက်ကျကျန်ရစ်မှု မဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှုအခွင့်အလမ်းကို ပြည့်ဝစွာအသုံးချနိုင်စေရန် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ကျောင်းသား၊ ဆရာ၊ မိဘများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်နေမှုများအပေါ် PDF အမည်ခံ အကြမ်းဖက်သမားများက နည်းလမ်းမျိုးစုံအသုံးပြု၍ ဟန့်တားနှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

**ဖျက်ဆီး**

ယင်းသို့ ဟန့်တားနှောင့်ယှက်ဖျက်ဆီးလျက်ရှိရာ ဇွန် ၅ ရက် ည ၁၁ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် တစ်အိမ်တည်းကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက ခိုးဝင်ရောက်ကာ စာသင်ခန်းများအတွင်းရှိ ကျောင်းသုံးဗလာစာအုပ်များ၊ ပုံနှိပ်စာအုပ်များ၊ ခဲတံများနှင့် သင်ထောက်ကူပစ္စည်းများကို ဖျက်ဆီးခဲ့ပြီး စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ■



စစ်ကိုင်းမြို့နယ် တစ်အိမ်တည်းကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းသုံးစာရေးကိရိယာများ ဖျက်ဆီးခံရမှု မှတ်တမ်းဓာတ်ပုံ။

## အာရှဖလား တတိယအဆင့် ခြေစစ်ပွဲတွင် မြန်မာအပါအဝင် ၂၄ သင်း ယှဉ်ပြိုင်မည်

ရန်ကုန် ဇွန် ၆

ဇွန် ၈ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအသင်းအပါအဝင် အသင်းစုစုပေါင်း ၂၄ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**၁၁ သင်း ခြေစစ်ပွဲအောင်မြင်မည်**

အာရှဘောလုံးအဖွဲ့ချုပ်သည် ပထမအဆင့်နှင့် ဒုတိယအဆင့်ခြေစစ်ပွဲများကို အိမ်ကွင်း၊ အဝေးကွင်း စနစ်ဖြင့် ကျင်းပခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အုပ်စုတစ်ခုကို အိမ်ရှင်နိုင်ငံ တစ်နိုင်ငံ ရွေးချယ်၍ တစ်ကျော့တည်းပြုလုပ်သွားမည်ဖြစ်သည်။ တတိယအဆင့်ခြေစစ်ပွဲကို အုပ်စုခြောက်ခု ခွဲ၍ ပြုလုပ်မည်ဖြစ်ပြီး အုပ်စုခြောက်ခုမှ ထိပ်ဆုံး ခြောက်သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးငါးသင်း စုစုပေါင်း ၁၁ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် ဂျော်ဒန်၊ ကူဝိတ်၊ အင်ဒိုနီးရှား၊ နီပေါ၊ အုပ်စု(ခ)တွင် ပါလက်စတိုင်း၊ ဖိလစ်ပိုင်၊ ယီမင်၊ မွန်ဂိုလီးယား၊ စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ○

**ယနေ့ ဖတ်စရာ**


**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၇ ရာခိုင်နှုန်းရှိ**

စာမျက်နှာ » ၁၂

**သဃ်န်းကျွန်းမြို့နယ်၌ ငွေကျပ် တစ်ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း သိမ်းဆည်းရမိ**

စာမျက်နှာ » ၁၄

**ရန်ကုန်ယူနိုက်တက်အသင်း ပြည်တွင်းကစားသမားများခေါ်ယူ**

စာမျက်နှာ » ၂၁


## စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ် ပြင်သစ်အိုးပင်းတင်းနစ်ဆုဖလား (၁၄)ကြိမ်မြောက် ဆွတ်ခူး

စပိန်တင်းနစ် အကျော်အမော် ရာဖေးလ်နာဒယ်နဲ့ နော်ဝေတင်းနစ်ကစားသမား ကက်စပါရုဒ်တို့ ဇွန် ၅ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း နောက်ဆုံး ဗိုလ်လုပွဲစဉ်မှာ ရာဖေးလ်နာဒယ်က ကက်စပါရုဒ်ကို အနိုင်ရရှိခဲ့တာကြောင့် ပြင်သစ်အိုးပင်းတင်းနစ် ဆုဖလားကို (၁၄)ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❂

